# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ နယုန်လကွယ်နေ့ ၂၀၂၃ ခုနှစ်၊ ဇွန် ၁၇ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ်(၂၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

**မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာ၌ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိအလုပ်ကို သစ္စာရှိရမည်၊ မိမိ မိသားစုကို သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက် ခံယူချက် မြင့်မားရမည်ဖြစ်**




# အသက်ကယ်သည့် ကောင်းမှုကုသိုလ်

လူတို့ အသက်ရှင်ရေးအတွက် သွေးသည် မရှိမဖြစ် လိုအပ်သည်။ သွေးသည် အသက်ဟု အဆိုရှိသည်နှင့်အညီ ထိခိုက်ဒဏ်ရာရှိခြင်း၊ ခွဲစိတ်ကုသခြင်း၊ ကလေးမွေးဖွားခြင်း၊ နာတာရှည်ရောဂါတစ်ခုခုကြောင့် သွေးပုံမှန်သွင်းရန် လိုအပ်ခြင်း အစရှိသည့် အရေးပေါ်သွေးလိုအပ်နေသူများအတွက် လုံခြုံစိတ်ချရသည့်သွေး ရရှိရန် လွန်စွာအရေးကြီးသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ၂၀၀၅ ခုနှစ်မှစ၍ နှစ်စဉ် ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့ဟု သတ်မှတ်ဂုဏ်ပြုကျင်းပလျက်ရှိသည်။

မိမိတို့ နိုင်ငံအပါအဝင် ကမ္ဘာတစ်ခွင်လုံးတွင် သန့်စင်သည့်သွေးလိုအပ်နေသူ ပမာဏက များနေပြီး သွေးရရှိနိုင်မှုမှာ နည်းပါးလျက်ရှိနေသည်။ သွေးလိုအပ်နေသူအတွက် သွေးလှူခြင်းသည် အသက်ကယ်ခြင်းဖြစ်ပြီး ဇီဝိတဒါနဖြစ်သည်။ သို့ဖြစ်ရာ သွေးလှူရှင်တစ်ယောက်၏ ပြည့်စုံရမည့်အချက်များဖြစ်သော အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်းရှိသူ၊ အမျိုးသားကိုယ်အလေးချိန်ပေါင် ၁၁၀ အထက်၊ အမျိုးသမီးကိုယ်အလေးချိန်ပေါင် ၁၀၀ အထက်ရှိသူ၊ သွေးမလှူခင် အိပ်ရေးဝစွာ အိပ်စက်ထားသူ၊ အရက်သောက်သုံးခြင်း၊ လတ်တလော ဓမ္မတာလာခြင်း မရှိသူ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်မဟုတ်သူ၊ လတ်တလော ရောဂါဝေဒနာမရှိသူ၊ လွန်ခဲ့သော (၆) လအတွင်း ဆေးမင်ကြောင်ထိုးခြင်း၊ နားဖောက်ခြင်း၊ အပ်စိုက်ကုထုံးခံယူထားခြင်းမရှိသူများအနေဖြင့် မိမိတို့၏ သန့်စင်သောသွေးကို လိုအပ်နေသူများအတွက် ပေးလှူကြရန် တိုက်တွန်းလိုသည်။

သွေးလှူသူများကို အမျိုးအစားအားဖြင့် (၃)မျိုးခွဲခြားနိုင်ရာ (၁) မိသားစုဝင် / မိတ်ဆွေ သွေးလှူရှင်များ၊ (၂) အခကြေးငွေယူ၍ သွေးလှူသူ/သွေးရောင်းသူများနှင့် (၃) စေတနာအလျောက် အခမဲ့သွေးလှူရှင်များဟူ၍ ဖြစ်သည်။ စေတနာသွေးလှူရှင်များသည် ပုံမှန်သွေးလှူရှင်များဖြစ်ကြပြီး ကျန်းမာရေးနှင့် သွေးကို ပုံမှန်စစ်ဆေးမှု ခံယူနေကြရသူများဖြစ်ရာ ဘေးကင်းလုံခြုံသော၊ သန့်စင်သောသွေးကို ၎င်းတို့ထံမှသာ အဓိကရရှိနိုင်သည်။ သို့ဖြစ်သည့်အလျောက် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ကျင်းပကြရာတွင် ကမ္ဘာတစ်ဝန်းရှိ သွေးလှူရှင်များကို ဂုဏ်ပြုရန်နှင့် မိမိတို့၏ စေတနာအလျောက် (အခမဲ့) ပုံမှန်သွေးလှူဒါန်းမှုများ လိုအပ်နေသည်ကို ပြည်သူလူထုထံ အသိပေးလှုံ့ဆော်ရန်၊ သွေးသွင်းကုသရမည့်အချိန်တွင် လူတိုင်းလက်လှမ်းမီ၊ အချိန်နှင့်တစ်ပြေးညီ ဘေးကင်းလုံခြုံစွာ သွေးသွင်းကုသနိုင်ကြရန်နှင့် သွေးအလုံအလောက်ရှိစေရန်အတွက် တစ်နှစ်ပတ်လုံး ပုံမှန်သွေးလှူဒါန်းကြရန် လိုအပ်ကြောင်း အသိပေးနိုင်ရန်၊ အခမဲ့စေတနာသွေးလှူဒါန်းခြင်း၏ တန်ဖိုးကို အသိအမှတ်ပြုခြင်း၊ အားပေးမြှင့်တင်ခြင်းဖြင့် လူထုအသိုက်အဝန်းများအတွင်း စည်းလုံးညီညွတ်မှု၊ ပေါင်းစည်းမှုတို့ ပိုမိုအားကောင်းလာစေရန်၊ ရေရှည်တည်တံ့သော နိုင်ငံအဆင့် သွေးလှူစနစ် တည်ထောင်နိုင်ရေးအတွက် အစိုးရပိုင်းက ပိုမိုရင်းနှီးမြှုပ်နှံရန်နှင့် အခမဲ့စေတနာသွေးလှူရှင်များ ပိုမိုများပြားလာစေရေး တိုက်တွန်းနှိုးဆော်နိုင်ရန်အတွက် ဦးတည်ချက်များ ချမှတ်ထားသည်။

သွေးသည် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းတွင် မရှိမဖြစ်သော၊ တုပဖန်တီးပြုလုပ်၍ မရသောအရာဖြစ်သည်။ စေတနာသွေးလှူရှင် လှူဒါန်းလိုက်သော ၄၅၀ မီလီလီတာ (ရေသန့်ဘူးတစ်ဝက်ခန့်) ပမာဏရှိသော သွေးတစ်ပုလင်းက လူနာသုံးဦးကို ကယ်တင်နိုင်သည်။ သွေးလှူရှင်အဖို့လည်း အသည်း၊ အဆုတ်၊ အူမကြီး၊ အစာအိမ်၊ လည်ချောင်း စသည့်ကင်ဆာများဖြစ်နိုင်ခြေလျော့ပါးစေပြီး ရုတ်တရက် နှလုံးဖောက်ခြင်းနှင့် လေဖြတ်ခြင်းတို့ကိုလည်း လျော့ကျစေသည့်အပြင် အခြားသော ကျန်းမာရေးကောင်းကျိုးများစွာကိုလည်း ရရှိစေနိုင်ကြောင်း သုတေသနပြု တွေ့ရှိထားသည်။ ခွဲစိတ်ကုသမှုများ၊ အရေးပေါ်ထိခိုက်မှုများ၊ ကင်ဆာရောဂါရှင်များ၊ သွေးကင်ဆာရောဂါရှင်များ၊ သွေးအားနည်းရောဂါရှင်များ စသည်တို့ကို သွေးသွင်းကုသပေးနိုင်ရန်အတွက် သွေးမှာ အမြဲတမ်းလိုအပ်လျက်ရှိသည်။ လူနာများ သွေးလိုအပ်ချိန်တွင် အချိန်မဆိုင်းထုတ်ပေးနိုင်ရန်အတွက် သွေးလှူဘဏ်များတွင် စေတနာသွေးလှူရှင်များ လှူဒါန်းသည့် သန့်ရှင်းလုံခြုံစိတ်ချရသောသွေးများ လိုအပ်လျက်ရှိရာ ပုံမှန်သွေးလှူဒါန်းနိုင်ကြစေရေးနှင့် ဆန္ဒအလျောက်လှူဒါန်းကြသည့် စေတနာသွေးလှူရှင်များ ပိုမိုတိုးပွားလာစေရေးတို့အတွက် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်)ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၂/၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၃ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၉၊ ၁၀ နှင့် ၃၅ တို့တွင် ပါရှိသော “ကျန်းမာရေးဦးစီးဌာန” ဆိုသည့် စကားရပ်ကို “အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ




## ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်၊ အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင် စောင့်ရှောက်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးဧရိယာ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အဖိုးတန် ဂေဟစနစ်များ မပျောက်ပျက်အောင်စောင့်ရှောက်နိုင်ရေးတို့အတွက် သစ်တောသစ်ပင်များသည် လူ့ပတ်ဝန်းကျင်အတွက် များစွာအရေးပါကြောင်း၊ သစ်တောသစ်ပင်များက ရေ၊ သယံဇာတများကို ထိန်းသိမ်းပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို သဟဇာတကျစေကြောင်း၊ “ဥတုရာသီတောကိုမှီ” ဟူသည့်အတိုင်း ရာသီဥတုကို ကောင်းမွန်စေကြောင်း၊ စိမ်းလန်းစိုပြည်မှုကိုဖြစ်စေသဖြင့် လူ့စိတ်နှလုံးကို အေးချမ်းစေကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်စေရန် စတင်စိုက်ပျိုးသည်မှစ၍ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းသွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၏ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ တပ်ဖွဲ့နှင့်ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ပြုလုပ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာ တန်းဝင်ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ မန်ကျည်းရှား၊ သက်န်း၊ မဲဇလီ၊ သပြေကြီး၊ မန်ကျည်း၊ ယမနေ စသည့်သစ်ပင် စုစုပေါင်း ၁၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရ လေကာပင်များ၊ သီးပင်စားပင်များကို တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် သစ်ပင် ၄၁၁၉၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးပင်ဖြစ်၊ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးမှာ သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်**

☆ **အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်၊ မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းကြောင်းမှ သင်ခန်းစာများကို ဖော်ထုတ်ပြီး နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ရန်လို**

❑ *ရွှေဖုံးမှ*

## တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က အမှာစကား ပြောကြားရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်အရာရှိငယ်များအား တပ်မတော်နှင့်အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ တစ်ဦးချင်းတာဝန်ထမ်းဆောင်မှု စသည်တို့နှင့် ပတ်သက်၍ မှန်မှန်ကန်ကန် သိရှိနားလည်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအခြေအနေများ တူညီမှုမရှိကြဘဲ နယ်ချဲ့နိုင်ငံများ၊ ကိုလိုနီပြုခြင်းခံခဲ့ရသည့်နိုင်ငံများနှင့် ကိုလိုနီပြုခြင်းမခံခဲ့ရသည့်နိုင်ငံများ စသည်ဖြင့် အမျိုးမျိုးရှိကြောင်း၊ နိုင်ငံ၏ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးပင်ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးမှာ သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိပြီး ဒေသအလိုက်၊ လူမျိုးအလိုက် ကွဲပြားခြားနားမှုများရှိကြကြောင်း၊ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများ တူညီမှုမရှိကြဘဲ တောင်တန်းဒေသနှင့် ပြည်မဒေသတို့သည် ရာသီဥတု၊ မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု၊ ပညာရေးနှင့် ကူးလူးဆက်ဆံမှုများ ကွာခြားမှုရှိသဖြင့် တစ်ပြေးညီတိုးတက်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင်ဘုရင်စနစ်ကျင့်သုံးခဲ့စဉ်က ဘုရင်များ၏ ဩဇာသက်ရောက်မှုအပေါ် မူတည်၍ ကွာခြားမှုရှိခဲ့ကြောင်း၊ ကိုလိုနီပြုခြင်းခံခဲ့ရချိန်တွင်လည်း ပြည်မတွင်ရှိသည့် တိုင်းရင်းသားများနှင့် တောင်တန်းဒေသရှိ တိုင်းရင်းသားများ ကွဲပြားခြားနားမှုရှိအောင် နယ်ချဲ့တို့က ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် အင်္ဂလိပ် - မြန်မာစစ်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ကိုလိုနီလက်အောက်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများသည် ကိုလိုနီလက်အောက်တွင် ပိုမိုကြာရှည်စွာ နေခဲ့ကြရကြောင်း၊ ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲပြီးနောက် ၎င်းဒေသများသည် အင်္ဂလိပ်အုပ်ချုပ်မှုပုံစံကို ကျင့်သုံးခဲ့ကြပြီး ထိုအချိန်၌ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဘုရင်စနစ်ကို ကျင့်သုံးနေဆဲဖြစ်ကြောင်း၊ အုပ်ချုပ်မှုပုံစံကွဲပြားခြားနားမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုလိုနီလက်အောက်သို့ ကျရောက်ချိန်တွင် ၎င်းတို့၏ တောင်တန်း - ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့ကြောင်း၊ ကိုလိုနီလက်အောက်မှ ရုန်းထွက်ချိန်တွင် ပညာတတ်များနည်းပါးခြင်းနှင့် စုစည်းညီညွတ်သည့်အားများ နည်းပါးမှုများရှိခဲ့၍ လွတ်လပ်ရေးကို ခက်ခဲစွာကြိုးပမ်းရယူခဲ့ရကြောင်း။

တပ်မတော်သားများသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသူများ၊ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်နေသူများဖြစ်သည့်အတွက် ခေတ်အဆက်ဆက်နိုင်ငံ၏သမိုင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်ကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းကြောင်းမှ သင်ခန်းစာများကို ဖော်ထုတ်ပြီး နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါပုံနှင့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကိုလည်း အမြဲမပြတ် သိရှိနားလည်နေရန်လည်းလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း သိရှိနေရမည်ဖြစ်ပြီး ဆက်လက်၍လည်း မျက်ခြည်မပြတ် လေ့လာသွားရန်လိုကြောင်း။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကိုလေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း၊ မိမိတို့တိုင်းပြည်သည် ကိုလိုနီဖြစ်ခဲ့ရသဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်အများစုတွင် နိုင်ငံရေးအယူအဆကွဲပြားမှုများ ရှိခဲ့ကြောင်း၊ နိုင်ငံတော်၌ ဆိုရှယ်လစ်စနစ်ကျင့်သုံးနိုင်ရေးအတွက် တော်လှန်ရေးကောင်စီ၏ မူဝါဒသဘောထား ကြေညာချက်တွင် စတင်ဖော်ထုတ်လာသည်ကို သမိုင်းမှတ်တမ်းများ၌ တွေ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံရေးအရ အခက်အခဲနှင့် သမိုင်းကြောင်းများအပြင် စီးပွားရေးအရအခက်အခဲနှင့် သမိုင်းကြောင်းများကြောင့် ဖြစ်ကြောင်း။

ထိုသို့ အခက်အခဲ၊ အကျပ်အတည်းများ ဖြစ်ပေါ်နေမှုကို တပ်မတော်ခေါင်းဆောင်များက သတိထားတွေ့မြင်ခဲ့ပြီး တိုင်းပြည်၏ အနာဂတ်အရေးအတွက် မျှော်တွေးထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထို့နောက် ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးခဲ့ပြီး နိုင်ငံတော်၏စီးပွားရေးအခန်းကဏ္ဍကို ပြည်သူတို့လက်ဝယ်တွင် ရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေး ကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားခဲ့ရခြင်းသည် နိုင်ငံရေးပဋိပက္ခများထက် စီးပွားရေးကျဆင်းခဲ့ရမှုများကြောင့် အခြေခံပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရေး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး တပ်မတော်မှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ သွားနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြေတောင်မြှောက်ပေးခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ဖော်ဆောင်ပေးခဲ့ကြောင်း။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်ပါတီမှ ဒီမိုကရေစီအစိုးရတစ်ရပ်တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး တက်လာသည့် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် တပ်မတော်အနေဖြင့် ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံများအရ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို အကြံဉာဏ်ပေးခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုအားနည်းသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင်လည်း အုပ်ချုပ်သူအစိုးရအဖွဲ့အနေဖြင့် အကျပ်အတည်းများစွာဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်မှ ကူညီဖြေရှင်းပေးခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟု အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ရွေးကောက်ပွဲတွင် မရိုးသားသည့် နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် အတည်ပြုနိုင်ခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်မှ လျှောက်လှမ်းနေသည့်၊ ပြည်သူလူထုမှ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးအတွက်သာဖြစ်ပြီး မိမိတို့အနေဖြင့် အဆိုပါလမ်းကြောင်းပေါ်မှ သွေဖည်အောင် ဆောင်ရွက်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကိုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို အခက်အခဲ၊ အကျပ်အတည်းများကြားမှ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် နောက်ဆုံးအချက်ဖြစ်သည့် **“အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍**

*စာမျက်နှာ ၄ သို့*

**“ မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါပုံနှင့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကိုလည်း အမြဲမပြတ် သိရှိနားလည်နေရန်လည်းလို၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း သိရှိနေရမည်ဖြစ်ပြီး ဆက်လက်၍လည်း မျက်ခြည်မပြတ်လေ့လာသွားရန်လို ”**

*စာမျက်နှာ ၃ မှ*

အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်” ဟူသည့် အချက်အား မဖြစ်မနေ အကောင်အထည် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**တစ်ဦးချင်း၏ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ ရည်မှန်းချက်များ မပျောက်ပျက်အောင် အလေးထား ဆောင်ရွက်သွားရန်လို**

**“ တစ်ဦးချင်းတာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ တပ်မတော်သားတိုင်းသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ တပ်မတော်အတွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်၊ မိမိတို့၏ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို ”**

တစ်ဦးချင်းတာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ တပ်မတော်သားတိုင်းသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ တပ်မတော်အတွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် ထိန်းသိမ်း ဆောင်ရွက်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူတိုင်းသည် ဘဝတိုးတက်မှုကို လိုလားကြပြီး တိုးတက်မှုများ ဖြစ်ပေါ်ရေးအတွက် အဓိကလိုအပ်ချက်သည် အသိပညာ၊ အတတ်ပညာများကို အမြဲမပြတ်လေ့လာအားထုတ် ကြိုးစားလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိဘဝအတွက် အကျိုးဖြစ်စေမည့် စာပေဗဟုသုတ၊ ဘာသာစကားနှင့် နည်းပညာပိုင်းဆိုင်ရာများကို လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် သင့်တင့်လျောက်ပတ်သည့် ကိုယ်ခန္ဓာသွင်ပြင်နှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုပုံစံနှင့် ကိုယ်လက်လှုပ်ရှားမှုရှိရမည်ဖြစ်ကြောင်း။

မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာ၌ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိအလုပ်ကို သစ္စာရှိရမည်၊ မိမိ မိသားစုကို သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက် ခံယူချက်မြင့်မားရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် မိမိတို့ ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်များရှိကြကြောင်း၊ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) များ လုပ်ငန်းခွင်ဝင်မွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအေးကျော်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ကဏ္ဍသည် အဓိကကဏ္ဍတွင်ပါဝင်သည့်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးရောင်းချမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် သင်တန်းသားများအနေဖြင့် သင်တန်းမှရရှိသည့် အခြေခံပညာရပ်များကို လုပ်ငန်းခွင်အတွေ့အကြုံနှင့် ပေါင်းစပ်ပြီး အကောင်းဆုံးကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ယူ၊ တာဝန်ခံနိုင်သူများဖြစ်ရေး နေထိုင်ကျင့်ကြံရန်နှင့် ဌာနအကျိုး၊ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို စိတ်ကောင်းစေတနာအပြည့်ဖြင့် စွမ်းစွမ်းတမံကြိုးစားအားထုတ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားများကို ဆုများပေးအပ်ချီးမြှင့်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၁၆**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ ဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ငတောက်တတ်ကျေးရွာနှင့် ရေချမ်းပြင်ကျေးရွာ၌ လမ်းဘေးဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ငပွန်းချေကျေးရွာနှင့် ဆက်အိုးကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

### ရှင်းလင်းဆောင်ရွက်

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် လက်ဝဲဒက်ကျေးရွာ၌ လမ်းဘေးဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ၄ မိုင်ရပ်ကွက်နှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

### ကျန်းမာရေးစောင့်ရှောက်

အလားတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၆**
ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီး ကျောင်းများနှင့် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများအတွက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် အလှူရှင်များ လှူဒါန်းသည့် အလှူငွေများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရခိုင် ပြည်နယ် စစ်တွေမြို့ လောကာ နန္ဒာစေတီတော် လိုဏ်ဂူအတွင်း၌ ကျင်းပပြုလုပ်ရာ ပြည်နယ် ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနန္ဒသီရိ အမှူးပြုသော သံဃာတော်အရှင် သူမြတ်များ ကြွရောက်တော်မူကြ ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်နှင့် တက်ရောက် လာကြသူများက နန္ဒာရာမပရိယတ္တိ စာသင်တိုက်၏ ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်နုမြဲဇံက ရခိုင်ပြည်နယ် အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှု ကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကျောင်းများအတွက် အလှူတော် ငွေကျပ် သိန်း ၁၀၆၀ ကို ပေးအပ် လှူဒါန်းရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက လက်ခံ ရယူသည်။ (ဝဲပုံ)

**အနုမောဒနာတရားနာယူ**

ယင်းနောက် မြို့နယ်ဩဝါဒါ စရိယ စစ်တွေမြို့ တပ်ဦးဆုတောင်း ပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဆရာတော် ဘဒ္ဒန္တဉာဏာ ဝံသထံမှ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေး ဝေကာ အနုမောဒနာတရားနာယူ ခဲ့ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ယနေ့ လှူဒါန်းသည့် အလှူတော်ငွေကျပ် ၁၀၆၀ သိန်းကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပေါင်း လောင်းလေးကျေးရွာ ရွာဦး ကျောင်းဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ဝိဇ္ဇောဘာသာလင်္ကာရာ ဘိဝံသ က အလှူငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့မှ ဦးဝေချင်းဟိုင်မိသားစု Hanley Group က အလှူတော်ငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊ ဦးစည်သူဝင်းမိသားစု Guardian Academy Private School က အလှူတော်ငွေကျပ်သိန်း ၄၀ ကို လည်းကောင်း အသီးသီးလှူဒါန်း ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် စစ်တွေမြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် စစ်တွေမြို့၌ ရောက်ရှိနေစဉ်အတွင်း တာဝန်ရှိ သူများနှင့်အတူ ရခိုင်ပြည်နယ် တွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ခဲ့ သော စစ်တွေမြို့ရှိ နည်းပညာ တက္ကသိုလ်(စစ်တွေ)၊ ကွန်ပျူတာ တက္ကသိုလ်(စစ်တွေ)နှင့် အစိုးရ နည်းပညာ အထက်တန်းကျောင်း (စစ်တွေ)သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက မိုခါ မုန်တိုင်းဒဏ်ကြောင့် ထိခိုက် ပျက်စီးမှုများ၊ ပြန်လည်ပြင်ဆင် ဆောင်ရွက်နေမှု၊ ဆက်လက် ပြင်ဆင် ဆောင်ရွက်သွားမည့် အခြေအနေနှင့် ကျောင်းဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြသည်။

**ဥပဓိရုပ်ကောင်းမွန်ရေး**

တင်ပြချက်များအပေါ် ပြည် ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ စွာ သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်ရေးအတွက် ဦးစား ပေးအစီအစဉ်အလိုက် အရည် အသွေးပြည့်မီစွာ အချိန်မီပြီးစီး အောင်၊ ရေရှည်တည်တံ့ခိုင်မြဲ အောင် ကြိုးကြပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး ဖြစ်သဖြင့် သင်ကြားသင်ယူမှု အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ သင်ကြားရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်နိုင်ရေး၊ တက္ကသိုလ် နှင့် ကျောင်းများအားလုံး ဥပဓိရုပ် ကောင်းမွန်ရေးကို အဓိကထား ဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မိုခါမုန်တိုင်းကြောင့် ထိခိုက်



ပျက်စီးမှုများအား ပြင်ဆင် ဆောင်ရွက်နေမှု၊ စာသင်ခန်းများ တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေ မှုများကို ကြည့်ရှုအားပေး ပြီး ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်ဝန်ထမ်းများ ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**




# လားရှိုးမြို့၌ ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**လားရှိုး ဇွန် ၁၆**
ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်း ခြင်းကို ယနေ့နံနက် ၉ နာရီက လားရှိုးမြို့အထွေထွေရောဂါကု ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် ပြုလုပ်ရာ လားရှိုး မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)မှ စေတနာရှင်သွေးအလှူရှင် ၃၅ ဦးနှင့် ပြင်ပမှသွေးအလှူရှင် ၂၅ ဦး စုစုပေါင်းသွေးလှူရှင် ၆၀ တို့က သွေးလိုအပ်နေသူများအတွက် စုပေါင်းသွေးလှူဒါန်းကြသည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်း ခြင်းတွင် MPT မှလည်း တာဝန်သိလူမှုအကျိုးပြုလုပ်ငန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး သွေးသည်လူတစ်ယောက်မှ အခြားလူ တစ်ယောက်သို့ ပေးအပ်နိုင်သည့် အမွန်မြတ်ဆုံးလက်ဆောင် အသက် ကယ်ပေးခြင်းဖြစ်သောကြောင့် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

သွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းခြင်းတွင် ဝင်ရောက် သွေးလှူဒါန်းခဲ့ကြသည့် စေတနာရှင်သွေးအလှူရှင်များအား MPT မှ ထုတ်ဝေသော တီရှပ်အင်္ကျီနှင့် အမှတ်တရပစ္စည်းများ၊ အာဟာရ ဖြည့်စွက်စာများဖြစ်သည့် ကြက်ဥနှင့်မုန့်များ မေတ္တာလက်ဆောင်အဖြစ် ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ဦးစွာ ခရိုင်/မြို့နယ်များရှိ စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် တပ်မတော်အရာရှိကြီးများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ တာဝန်ပေးဦးစားပေးပြင်ဆင်ခဲ့ပြီး သတ်မှတ်ရက်တွင် ကျောင်းသား ကျောင်းသူများကို အမိုးအကာအောက်လုံခြုံစွာဖြင့် ကျောင်းဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ပြင်ဆင်ဆဲကျောင်းများအတွက်လည်း ယာယီအဆောက်အဦများဖြင့် အမိုးအကာအောက်တွင် သင်ကြားနိုင်ရေး ပြုလုပ်ပေးနိုင်ခဲ့ကြောင်း။

တတိယဦးစားပေးအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ/ဆေးခန်းများ ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ယခုကာလတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ပြန်လည်ပြုလုပ်ပေးလျက်ရှိကြောင်း။

မြောက်ဦးမြို့သည် သမိုင်းတန်ဖိုးအရ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းမြို့တော်မြို့ဖြစ်၍ ပိုမိုအလေးထားဆောင်ရွက်ရန်လိုပြီး ရှေးမူမပျက်ပြုပြင်မှုများ ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ကမ္ဘာ့ယဉ်ကျေးမှုအဖြစ် အသိအမှတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်းပြားမြို့ရှိ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြောက်ဦး ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြားစဉ်။

ပေးနိုင်ခြင်းဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝယ်ယူပို့ဆောင်စရိတ် မြင့်မားစွာပေးချေ၍ ကုန်ပစ္စည်းများမှာယူရခြင်းမှ လျော့နည်းခြင်းဖြင့်လည်း ဒေသအတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း အတတ်နိုင်ဆုံး တားဆီးနိုင်မည်ဖြစ်ကြောင်း။

**မွေးမြူရေးကဏ္ဍများ အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်လို**

လုပ်ငန်းတိုးချဲ့ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် သတ်မှတ်စည်းမျဉ်းများနှင့်အညီ မတည်ရင်းနှီးငွေ ကာလ၊ လုပ်ငန်းတိုးချဲ့ကာလနှင့် ဆောင်ရွက်ဆဲလုပ်ငန်းကာလအလိုက် သတ်မှတ်အတိုးနှုန်းဖြင့် ချေးငွေရရှိရေး နည်းလမ်းနှင့် အခွင့်အလမ်းများကိုလည်း MSME ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီမှ လမ်းညွှန်ပေးထားပြီး ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း GDP တိုးတက်မှသာလျှင် တစ်ဦးချင်းဝင်ငွေလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှလည်း ဝယ်လိုအားများသား၊ ငါး၊ လယ်ယာလုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍများကိုလည်း အရှိန်အဟုန်မြင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသော စကားနှင့်အညီ တာဝန်ရှိသော ဌာနဆိုင်ရာများ၊ ပရဟိတအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် စစ်တွေမြို့ အပါအဝင် မုန်တိုင်းထိခိုက်သော မြို့နယ်များတွင် တစ်လအတွင်း မြင်သာထင်သာသည့် တိုးတက်မှုများ တွေ့ရှိရပါကြောင်း။ စည်းလုံးညီညွတ်မှုဖြင့် သဘာဝဘေးအန္တရာယ်သာမက မည်သည့်ဘေးအန္တရာယ်မဆို ရင်ဆိုင်ဖြတ်ကျော်နိုင်ကြောင်း၊ သို့ဖြစ်၍ "စည်းလုံးညီညာ အောင်ကြောင်းဖြာ" ဆိုသည့် စကားနှင့်အညီ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရ၊ ပရဟိတ

ချက်အရ မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဖြည့်ဆည်းပေးရန်လိုအပ်မှုအခြေအနေတို့ကိုသိရှိအောင် လာရောက်ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် မဖြစ်ပွားအောင် တားဆီးခြင်းမပြုနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုများဖြင့် ထိခိုက်ဆုံးရှုံးမှုနည်းအောင် ကာကွယ်နိုင်ပါကြောင်း။

မိုခါမုန်တိုင်းသည် တစ်နာရီ မိုင် ၁၂၀ နှုန်းပြင်းအားဖြင့် ကြီးမားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း ဖြစ်သော်လည်း နိုင်ငံတော်၏ ကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကောင်းမွန်စွာ ရင်ဆိုင်ဖြတ်ကျော်ခဲ့သည်ကို တွေ့မြင်နိုင်ကြောင်း။

**အထက်တန်းကျောင်းများကို ဦးစားပေးပြင်ဆင်ခဲ့**

နိုင်ငံတော်၏ ဘတ်ဂျက်၊ နိုင်ငံတကာနှင့် ပြည်တွင်းအလှူရှင်တို့၏ အလှူငွေများဖြင့် ပထမဦးစားပေးအနေဖြင့် ပြည်သူအားလုံး အမိုးအကာအောက်လုံခြုံစွာရောက်ရှိ နေထိုင်နိုင်ရန် စီမံခဲ့ကြောင်း၊ ဒုတိယဦးစားပေးအနေဖြင့် မုန်တိုင်းမတိုင်မီ ကြိုတင်ကြေညာထားသည့် ဇွန် ၁ ရက်နေ့ ကျောင်းဖွင့်နိုင်ရေးအတွက် အထက်တန်းကျောင်းများကို

ပြုသည့် UNESCO မှတ်တမ်းဝင်အောင် ဆက်လက်ဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းအတွက် ပြည်တွင်း/ပြည်ပခရီးသွားများကို ဆွဲဆောင်ရာနယ်မြေဖြစ်လာမည်ဖြစ်ပြီး တစ်ဖက်တွင် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှု အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်း။

**ကုန်ထုတ်မှု စွမ်းအားကို မြှင့်တင်လုပ်ဆောင်ရန်လို**

မုန်တိုင်းကြောင့် ထိခိုက်မှုပြင်းထန်သောမြို့များ၌ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရာ ထိခိုက်မှုမပြင်းထန်သောမြို့များအနေဖြင့် မိမိဒေသ၏ အားသာချက်ကိုအသုံးချ၍ ကုန်ထုတ်မှုစွမ်းအားကို ပုံမှန်အခြေအနေထက်ပို၍ မြှင့်တင်လုပ်ဆောင်ရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် မုန်တိုင်းကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေသည့် မြို့နယ်များ၏ စားကုန်၊ သောက်ကုန်၊ လူသုံးကုန်နှင့် အထွေထွေပစ္စည်း လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများပြားနေသည့် မြို့နယ်များ၏ ပျက်စီးဆုံးရှုံးခဲ့ရသည့် ကုန်ထုတ်လုပ်ငန်းများ ပြန်လည်ထူထောင်ရေးကာလအတွင်း ကျဆင်းခဲ့ရ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်းပြားမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

သည့် မြို့နယ်အလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကိုလည်း တစ်ဖက်တစ်လမ်းမှ ကာမိစေမည်ဖြစ်ကြောင်း၊ ၎င်းအပြင် မိမိပြည်နယ်အတွင်း၌ပင် အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသော အခြေခံစားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းတို့ကို ပြည်နယ်အတွင်း၌ပင် ဖြည့်ဆည်းမြင့်မားလာပြီး ဝယ်လိုအားမြင့်မားမှုလည်း ထုတ်လုပ်မှုစွမ်းအားနှင့် ကုန်ကြမ်းရရှိရေးကာလများလည်း ကွင်းဆက်အကျိုးတရားများဖြင့် ပြည်နယ်၏ စီးပွားရေးကဏ္ဍတွင်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြန်လည်ထူထောင်ရေးကာလအတွင်း ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သော အဖွဲ့များနှင့် ပြည်သူလူထုအားလုံး ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း အသေးစိတ် ဆွေးနွေးရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောက်ဦး၊ မင်းပြားနှင့် ကျောက်ဖြူမြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အဦများ ပြန်လည်ပြင်ဆင်နေမှု အခြေအနေများနှင့် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်ဖြူမြို့ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။**





ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

**လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မြောက်ဦး၊ မင်းပြား၊ ကမ်းနီ၊ စစ်တောနှင့် ကျောက်ဖြူမြို့တို့ရှိ နယ်မြေခံတပ်ရင်းများ၊ ရဲတပ်ရင်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ရာသီသီးနှံမျိုးစေ့ထုပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကမ်းနီမြို့ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီ တည်ထောင်ခွင့် လျှောက်ထားလာသည့် အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၇ ပါတီကို တည်ထောင်ခွင့်ပြုပြီး ဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၇ ပါတီအနက် **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး၊ အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## ညောင်ရွှေမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ညောင်ရွှေ ဇွန် ၁၆**

အခြေခံပညာကျောင်းသားလူငယ်လေးများ စကားပြောစွမ်းရည်မြင့်မားလာစေရန်၊ လူထုပရိသတ်ရှေ့မှောက် ပြောဆိုဆွေးနွေးတတ်စေရန်၊ တိုင်ပင်ဆွေးနွေးခြင်း အလေ့အထကောင်းများ ရရှိလာစေရန်၊ စာပေလေ့လာဖတ်ရှု၍ ရရှိလာသည့် အသိပညာ ဗဟုသုတများကို ပြန်လည်မျှဝေတတ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း အလေ့အထကောင်းများ ရရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ် ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

ထို့နောက် Grade-11 ကျောင်းသား ကျောင်းသူများဖြစ်သည့် မောင်ပေါ်ဦးမောင်၊ မောင်ဇော် မင်းထွေး၊ မမြင့်မြတ်ကျော်ကျော်နှင့် မစိုးမြတ်နိုးတို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်းအကြောင်းရင်း၊ ကျောင်းသားလူငယ်များ သိရှိလိုက်နာရမည့်အချက်များ၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ကျောင်းသား လူငယ်များ အခန်းကဏ္ဍ စသည့်အကြောင်းအရာများကို စကားဝိုင်းဖွဲ့ မေးမြန်းဖြေကြားခြင်း၊ ရှင်းလင်းဆွေးနွေးခြင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၆) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

## ဗလာဒီဗော့စတော့ခ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများသို့ ရေကြောင်းလမ်းအသုံးပြု ဆက်သွယ်နိုင်မည့် အလားအလာများ ဆွေးနွေးခဲ့



**နေပြည်တော် ဇွန် ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းဟန်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတအကြံပေးနှင့် (၂၆) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် ကျင်းပရေးကော်မတီ၏ အမှုဆောင် အတွင်းရေးမှူးဖြစ်သူ မစ္စတာအန်တွန်ကိုဗျာကော့ဗ်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ စီးပွားရေးဖိုရမ်သို့ တက်ရောက်လျက်ရှိသည်။ **(အပေါ်ယာပုံ)**

### ဆွေးနွေး

ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဖိုရမ်ပထမနေ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အရှေ့ဖျားဒေသ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ FESCO Transportation and Logistics ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ဗလာဒီဗော့စတော့ခ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများသို့ ရေကြောင်းလမ်း အသုံးပြု ဆက်သွယ်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတအကြံပေး၊ ရော့စ်ကွန်ဂရက် ဖောင်ဒေးရှင်း၏ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင် အတွင်းရေးမှူးဖြစ်သူ မစ္စတာ အန်တွန်ကိုဗျာကော့ဗ်နှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအ်ဗစ်ရှ် ရှာတီရော့ဗ်နှင့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံ၊ ဆိုလာစက်ရုံနှင့် စက္ကူပျော့ဖတ်စက်ရုံတည်ဆောက်ရေးနှင့် စက်သုံးဆီဝယ်ယူရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေး၊ ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဥရောပ-အာရှစီးပွားရေး ကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆီးဂေးရီယူရီရယ်ဗိချ်ဂလာဇီးရပ်စ်က တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (Eurasian Economic Union – EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် EAEU ၏ ဒေသတွင်းစီးပွားရေး ပေါင်းစည်းဆောင်ရွက်မှုများအား လေ့လာရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဇွန် ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည့် ဖိုရမ်ဒုတိယနေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် On the Road to Recycling: From Waste to Resources ဆွေးနွေးမှုအစီအစဉ်သို့ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ စွန့်ပစ်ပစ္စည်းမှ အရင်းအမြစ်အဖြစ်ပြောင်းလဲရန် အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

### စာချွန်လွှာလက်မှတ်ရေးထိုး

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေး ကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေး ဝန်ကြီးတို့က စာချွန်လွှာကို လက်မှတ်ရေးထိုး၍ **(အောက်ပုံ)** လဲလှယ်ခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီးအေအီးယူ-အာဆီယံ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (EAEU–ASEAN Business Dialogue) သို့ ပါဝင်တက်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အီးအေအီးယူနှင့် အာဆီယံ အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ရည်မှန်းချက်များ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ပါဝင်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာ့က်ခ်ဆင်ရယ်ရှယ်နီကို့ဗ်နှင့် တွေ့ဆုံကာ ရုရှား-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည့် ဦးစားပေးကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး တတိယအကြိမ် ရုရှား – မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်ကိစ္စရပ်များ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် စတုတ္ထအကြိမ် ကော်မရှင်အစည်းအဝေးကို ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

### သွားရောက်လေ့လာ

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ Governor’s Lounge ရှိ Center-Inform JSC သို့ သွားရောက်လေ့လာခဲ့ပြီး သတင်းအချက်အလက်ဝန်ဆောင်မှု လုပ်ငန်း၊ သတင်းအချက်အလက်ဝန်ဆောင်မှုနှင့် သတင်းအချက်အလက် လုံခြုံရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ တင်သွင်းရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**






ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၏ ၂၀၂၃ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်က မက်မွန်မုန်းကျေးရွာအုပ်စု အမှတ်(၂) ကျေးရွာအနီး နမ့်စန်-ခိုလမ် ပြည်ထောင်စုကားလမ်းမကြီးဘေး၌ ပြုလုပ်ရာ တက်ရောက်လာကြသူများက ပျိုးပင်ပေါင်း ၁၂၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။ သူရအောင်(ပြန်/ဆက်)

## အိမ်မဲ၌ အပတ်စဉ်တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရသောနေ့အဖြစ် ကွင်းဆင်းဆောင်ရွက်

**အိမ်မဲ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ကမ်းနားလမ်းရှိ ပျံကျဈေးတို့တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရသောနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြပ်မတ်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် ဝန်ထမ်းများက “ကမ္ဘာမြေကြီးကျန်းမာဖို့ ပလတ်စတစ်အိတ်ကို ရှောင်ကြဉ်ကြပါစို့” ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်သုံးစွဲမှု ရှိ မရှိစစ်ဆေးခြင်း၊ ဈေးရောင်းချသူများအား အသားငါး၊ ဟင်းသီးဟင်းရွက်များ၊ အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများကို ရောင်းချရာတွင် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်နှင့်သတင်းစာစက္ကူများကို အစားထိုး အသုံးပြုခြင်း ရှိ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အိမ်မဲမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်မသုံးစွဲရသောနေ့အဖြစ် ကွင်းဆင်းစစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၃၆ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမြင့်သိန်းအား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဦးမြတ်သက်ဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇွန် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးမြတ်သက်ဦးအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့်ပို့ဆောင်

**နေပြည်တော် ဇွန် ၁၆**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ်တစ်စင်းသည် မိုးကာတဲ ၁၀၅ လုံး၊ စားသောက်ဖွယ်ရာမျိုးစုံ အိတ် ၁၅၀၀၊ ဆေးဝါးမျိုးစုံ ၅၃၄ ပုံး၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ စားသုံးဆီဘူးများ ပါဝင်သော စက္ကူဖာ ၂၄၅၀၊ အချိုရည် ၄၆ ကတ် စုစုပေါင်း ကုန်တန်ချိန် ၁၃၀ အား ရန်ကုန်မြို့၌ တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့ နံနက်ပိုင်းတွင် ထွက်ခွာခဲ့သည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)ကဏ္ဍ ရန်ပုံငွေလွှဲပြောင်းသုံးစွဲသည့် ကိစ္စရပ်များတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီမှ အမှုတွဲ(၃၈၃)စောင်ကို စိစစ်ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဇွန် ၁၆**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၃-၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် ကဏ္ဍ(၂)ရပ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု နှစ်ချုပ်အစီရင်ခံစာနှင့် "ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း) အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း" ညွှန်ကြားချက်(မူကြမ်း)တို့အပေါ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီအနေဖြင့် ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး စက်ပစ္စည်းကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ သုံးစွဲမှုကို စနစ်တကျ စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် (စက်ပစ္စည်း)ကဏ္ဍ ရန်ပုံငွေလွှဲပြောင်းသုံးစွဲသည့် ကိစ္စရပ်များတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီမှ အမှုတွဲ(၃၈၃)စောင်ကို စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စီမံကိန်းတန်ဖိုး ပြောင်းလဲခြင်းဆိုင်ရာ အမှုတွဲ(၄)စောင်ကို စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ စက်ပစ္စည်းဝယ်ယူခြင်း ဆောင်ရွက်ရာတွင် ရန်ပုံငွေ မလုံလောက်၍သော်လည်းကောင်း၊ မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စရပ်များကြောင့်သော်လည်းကောင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရာ၌ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် စက်ပစ္စည်း အသုံးစရိတ်မှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကော်မတီ၏ မူဝါဒလုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရသည့်အတွက် အစိုးရဌာနဆိုင်ရာများ၏ စက်ပစ္စည်းကဏ္ဍအတွက် ရန်ပုံငွေသုံးစွဲမှု၊ စက်ပစ္စည်းဝယ်ယူမှု၊ စက်ပစ္စည်းအသုံးပြုမှုများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် ကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ စနစ်တကျစိစစ်ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှု နှစ်ချုပ်အစီရင်ခံစာကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက "ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)အတွက် ရန်ပုံငွေလျာထားခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်" (မူကြမ်း)အပေါ် ဝိုင်းဝန်းဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များ တာဝန်ယူဆောင်ရွက်နေသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန စက်မှုကွပ်ကဲဌာနခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အစိုးရဌာနများ၏ စက်ပစ္စည်းဝယ်ယူမှု၊ စက်ပစ္စည်းအသုံးပြုမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် စက်ပစ္စည်းကြီးကြပ်မှု ကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စနစ်တကျဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းများအား သစ်သီးခြင်းများ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့၌ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်

**ပျဉ်းမနား ဇွန် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက သကြားစက် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဇီဝဆိုင်ရာ အချက်အလက် (Biometric Data) ကောက်ယူခြင်း လုပ်ငန်းစဉ်များကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံအတွင်း နေထိုင်သူ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားတို့၏ Biographic Data နှင့် Biometric Data များကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်သတ်မှတ်၍ မှတ်ပုံတင်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သကြားစက် ဝန်ထမ်းနှင့် မိသားစုဝင် ၂၀၉ ဦးအား ဇီဝဆိုင်ရာအချက်အလက် (Biometric Data) ကောက်ယူသည့် လုပ်ငန်းစဉ် ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်၊ ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်း၊ အဖွဲ့ဝင် ဗိုလ်မှူး ဝေဖြိုးနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပျဉ်းမနားမြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ**

(ပြန်/ဆက်)

# မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၂)

ထက်မြတ်

*(ဇွန် ၁၅ ရက်မှအဆက်)*

ဒီလို သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ ဒေသများအဖြစ် ကြေညာပြီး မရှေးမနှောင်းမှာပဲ မေလ ၁၈ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ် ၃၄/၂၀၂၃ ကို ထုတ်ပြန်လိုက်ပါတယ်။

အဲဒီထုတ်ပြန်ချက်ရဲ့ အကြောင်းအရာကတော့ ကြေညာခဲ့ပြီးတဲ့ သဘာဝဘေးဒဏ်သင့်ဒေသများမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒုတိယဗိုလ်ချုပ်ကြီး သုံးဦး၊ ဗိုလ်ချုပ် သုံးဦး၊ ဗိုလ်မှူးချုပ် ၁၂ ဦး ပါဝင်တဲ့ တပ်မတော်အရာရှိကြီးများ အဖွဲ့ကို သဘာဝဘေးအန္တရာယ် ကျရောက်တဲ့ ဒေသအဖြစ် သတ်မှတ်ထားသော မြို့နယ် ၂၁ မြို့နယ်သို့ အဆိုပါဒေသမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနဲ့ အနီးကပ်ကူညီပံ့ပိုးပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးအတွက် တာဝန်ခွဲဝေစေလွှတ်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ထိုတပ်မတော် အရာရှိကြီးများရဲ့ အထက်မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အပြင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အနီးကပ်ကြီးကြပ်သွားဖို့ကိုလည်း အဆိုပါထုတ်ပြန်ချက်ထဲမှာ ပူးတွဲဖော်ပြထားပါတယ်။

အခုလိုမျိုး တပ်မတော်အရာရှိကြီးများကို မုန်တိုင်းဒဏ်သင့်ဒေသများဆီ စေလွှတ်ခြင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်၊ ကယ်ဆယ်ရေးပစ္စည်းများ ပြည်သူလူထုလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရန်၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကို ကူညီနိုင်ရန် စေလွှတ်ခဲ့ခြင်းသာဖြစ်ပါတယ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက မုန်တိုင်းဒဏ်သင့်ဒေသရှိ ကလေးငယ်များ မိုးလုံလေလုံဖြင့် စာသင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနဲ့အတူ မေ ၁၈ ရက်နဲ့ ၁၉ ရက်တို့မှာ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော်မြို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရမယ့် လုပ်ငန်းများအပေါ် စီမံခန့်ခွဲမှုများ ဆောင်ရွက်ခဲ့ပါတယ်။

ထို့ပြင် မုန်တိုင်းဒဏ်ကြောင့် ၎င်းဒေသရှိ တပ်ရင်း/တပ်ဖွဲ့များတွင်လည်း ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် မေ ၂၂ ရက်မှ ၂၄ ရက်အထိ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့နယ်တို့သို့လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် မေ ၂၈ ရက်မှ ၃၀ ရက်အထိ စစ်တွေ၊ ကျောက်ဖြူမြို့တို့သို့လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် မေ ၂၀ ရက်မှ ၂၁ ရက်အထိ စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ ကျောက်ဖြူမြို့နယ်တို့သို့လည်းကောင်း သွားရောက်ပြီး အဆောက်အဦ ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြင်ဆင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအားပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့ အစိုးရအဖွဲ့က သဘာဝဘေးဒဏ်သင့် ဒေသများရဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြီးစလွယ် ဆောင်ရွက်ခြင်းမရှိဘဲ နယ်ပယ်အစုံ မကျန်ရလေအောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေဖို့ လုပ်ဆောင်ခဲ့တယ်ဆိုတာကို မြင်တွေ့ရပါတယ်။



ကျောက်ဖြူမြို့ရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းအား တပ်မတော်သားများက သွပ်အမိုးများ ပြန်လည်လဲလှယ်ပေးနေစဉ်။

## ကနဦးစာရင်းကောက်ယူရေးကဏ္ဍ

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီရဲ့ အခန်းကဏ္ဍပါပဲ။

အဲဒီကော်မတီက သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှု လျှော့ချနိုင်ရေး အစီအစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နဲ့ ချက်ချင်း၊ ကာလတို၊ ကာလလတ်နဲ့ ကာလရှည်စီမံကိန်းများ ရေးဆွဲနိုင်ရန်တို့အတွက် ပျက်စီးဆုံးရှုံးမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေဖို့ ရည်ရွယ်ဖွဲ့စည်းထားတာပါ။

ကော်မတီက မုန်တိုင်းဝင်ရောက်တိုက်ခတ်မယ်ဆိုပြီး သတင်းအတိအကျရရှိတဲ့ မေလ ၉ ရက်ကတည်းက လုပ်ငန်းစီမံချက်များရေးဆွဲပြီး ရွေ့လျားအဖွဲ့ ခုနစ်ဖွဲ့နဲ့ စာရင်းပြုစုအစီရင်ခံရေးအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းကာ စစ်တွေ၊ ပုသိမ်၊ မကွေးနဲ့ ပဲခူးမြို့တို့ကို မုန်တိုင်း မဝင်မီ တစ်ရက်အလိုမှာ ရွေ့လျားအဖွဲ့များကို စေလွှတ်ခဲ့ပါတယ်။

အဲဒီအဖွဲ့များဟာ ကောက်ယူရရှိတဲ့ အချက်အလက်များမှ ပညာရေး၊ ကျန်းမာရေးနှင့် သာသနိက အဆောက်အဦများအတွက် လိုအပ်တဲ့ သွပ်၊ သံ၊ သစ် အရေအတွက်နဲ့ တန်ဖိုးများ စာရင်း၊ ပျက်စီးသွားတဲ့ လျှပ်စစ်ဓာတ်တိုင်၊ ဆက်သွယ်ရေးတာဝါတိုင်များ စာရင်းနဲ့ သေကျေပျက်စီးသွားတဲ့ တိရစ္ဆာန်များ၊ ငါးကန်၊ ပုစွန်ကန်များ ပျက်စီးမှုစာရင်း၊ အခြေခံအဆောက်အဦ၊ ပိုင်ဆိုင်မှုပစ္စည်း (ကား၊ ဆိုင်ကယ်၊ စက်ဘီး စသည်ဖြင့်) ပျက်စီးမှုစာရင်းနဲ့ လယ်ယာ၊ သားငါးကဏ္ဍတို့ရဲ့ ပျက်စီးမှုစာရင်းများကို ပြုစုပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) သို့ နေ့စဉ်တင်ပြခဲ့ပါတယ်။

စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ဟာ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို နှစ်ကြိမ် ကောက်ခံခဲ့ပြီး အထက်မှာဖော်ပြခဲ့တဲ့ စာရင်းများက ဒုတိယအကြိမ် စနစ်တကျကောက်ခံရရှိသောစာရင်းများဖြစ်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်နဲ့တစ်ပြေးညီ တင်ပြခဲ့ကြတာပါ။

အခုဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို ကဏ္ဍအလိုက်ခွဲပြီး ဖော်ပြသွားပါမယ်။

## ပညာရေးကဏ္ဍအတွက် ဆောင်ရွက်မှု

နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်တာကြောင့် အထူးပဲ အရေးကြီးလှပါတယ်။ ပညာတတ်တွေပေါ်များမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အပံ့ကောင်းတွေဖြစ်စေမှာပါ။

ဒီအချက်ကို နိုင်ငံတော်အကြီးအကဲများက ကောင်းစွာသဘောပေါက်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှာကြားချက်မှာ **“ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရေး”** မူဝါဒကို အလေးထားပြီး ချမှတ်ဆောင်ရွက်ခဲ့တာပါ။

**☆ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ကြိုးစားအားထုတ်မှုများကြောင့် ဇွန်လ ၁ ရက်မှာ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ တက်ရောက်သူ စုစုပေါင်း လေးသိန်းကျော်အထိ ရှိခဲ့တာကို ဝမ်းမြောက်ဖွယ်ရာတွေ့ရ**

**☆ ဒေသခံပြည်သူများအား ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် တိုင်းဒေသကြီး / ပြည်နယ်များမှ အလျင်အမြန် တုံ့ပြန်ရေးအဖွဲ့ ၁၄ ဖွဲ့၊ အထူးကုဆေးအဖွဲ့ ကိုးဖွဲ့၊ ဆေးကုသရေးအဖွဲ့ နှစ်ဖွဲ့နဲ့ တိုင်းရင်းဆေးကုသမှုအဖွဲ့တို့ကို စေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ရာ မေလ ၁၆ ရက်မှ ဇွန်လ ၁၄ ရက်အထိ ပြင်ပလူနာ ၈၀၂၁၃ ဦးကို ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်**

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဒီနှစ်ဆိုရင် ဇွန်လ ၁ ရက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျောင်းများဖွင့်လှစ်ဖို့ သတ်မှတ်ထားတာပါ။ ကလေးငယ်များပျော်ရွှင်စွာ စာသင်ယူနိုင်ရေးဆိုတာကလည်း သင်ကြားရေးလုပ်ငန်းကို အမိုးအကာအောက်မှာသာ ဆောင်ရွက်နိုင်မှုဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်သွားချိန်မှာတော့ ပညာရေးဆိုင်ရာ အဆောက်အဦများလည်း ပျက်စီးသွားခဲ့ရပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်သွားချိန်မှာ မိဘများနဲ့ ကျောင်းသားများ အထူးအစိုးရိမ်ဆုံးကိစ္စကတော့ စာသင်ကျောင်းများ အချိန်မီ ပြန်မဖွင့်နိုင်မှာကိုပါပဲ။ သူတို့ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပဲလေ။ ပျက်စီးသွားတဲ့ စာသင်ကျောင်းဆောင်တွေက နည်းမှမနည်းပဲ။

**ပညာရေး အဆောက်အဦတွေ ပျက်စီးမှုအရေအတွက်ကတော့ ဇွန်လ ၁၃ ရက်အထိ ကောက်ယူရရှိတဲ့ စာရင်းများအရ ရခိုင်ပြည်နယ်မှာ မူလတန်းကျောင်းအဆောက်အဦ ၅၉၆ လုံး၊ အလယ်တန်းကျောင်း အဆောက်အဦ ၆၄၇ လုံး၊ အထက်တန်းကျောင်း အဆောက်အဦ ၂၉၅ လုံး၊ အဆင့်မြင့်ပညာသင်ကျောင်း အဆောက်အဦ ကိုးလုံး ဖြစ်တယ်လို့ သိရပါတယ်။ ချင်းပြည်နယ်မှာတော့ ပညာရေးအဆောက်အဦစုစုပေါင်း ၂၉ လုံး ပျက်စီးသွားပါတယ်။**

ဒီလိုပျက်စီးသွားတဲ့ စာသင်ကျောင်းများဟာ အနာဂတ်ခေါင်းဆောင်လောင်းများ ပညာသင်ယူရာနေရာများဖြစ်တာကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဗဟိုဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်များမှ ကြီးကြပ်ရေးအဖွဲ့များဟာ ပြည်သူလူထုနဲ့အတူလက်တွဲပြီး စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်မှုများကို ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင်လို့ အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ကြပါတယ်။

**အထူးသဖြင့် ကျောင်းဖွင့်ချိန်အမီ အမြန်ပြုပြင်ဆောင်ရွက်ရန် လိုအပ်တဲ့ ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနဲ့ အထက်တန်းကျောင်းခွဲ ၂၉၅ ကျောင်းကို မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်းနဲ့ ပညာရေးဝန်ကြီးဌာနလက်အောက်မှာ ဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေး ကန်ထရိုက်တာအဖွဲ့များက တာဝန်ကိုယ်စီခွဲဝေရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ဆောင်ရွက်ခဲ့ရာ မေလ ၃၁ ရက်အထိ ၅၁ ရာခိုင်နှုန်းပြီးစီးခဲ့ကာ ဇွန်လ ၁၄ ရက်အရောက်မှာတော့ ၇၆ ရာခိုင်နှုန်းပြီးစီးခဲ့ပြီဖြစ်ပါတယ်။**

ဇွန်လ ၁ ရက်ရောက်ချိန်မှာ ပြင်ဆင်ဆောက်လုပ်ပြီးစီးသွားတဲ့ စာသင်ကျောင်းများမှာ ကျောင်းသားများက ပျော်ရွှင်စွာ ကျောင်းတက်လာကြသလို ပြုပြင်ဆဲနေရာများမှာ ကျောင်းတက်ရမယ့်သူများကိုလည်း အမိုးအကာရှိတဲ့ ဘုန်းတော်ကြီးကျောင်းများနဲ့ အမိုးအကာရှိတဲ့ အဆောက်အဦများမှာ ယာယီကျောင်းတက်နိုင်အောင် တာဝန်ရှိသူများက စီမံပေးနိုင်ခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ အမိုးအကာမရှိတဲ့အပြင် စာသင်ကျောင်းကလည်း ပြင်ဆင်ဆဲ နေရာများမှာရှိတဲ့ ကျောင်းသားများအနေနဲ့ အချိန်မီ ကျောင်းတက်နိုင်ရေးအတွက် တာဝန်ရှိသူများက ယာယီအဆောက်အဦများကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါသေးတယ်။

ဒါကြောင့် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်မှု ရာခိုင်နှုန်းက ရာနှုန်းပြည့် ရှိခဲ့တာဖြစ်ပါတယ်။ ဒီလို ဖွင့်လှစ်နိုင်လိမ့်မယ်လို့ ဘယ်သူမှ မထင်မှတ်ထားပါဘူး။

**နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ကြိုးစားအားထုတ်မှုများကြောင့် ဇွန်လ ၁ ရက်မှာ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ တက်ရောက်သူ စုစုပေါင်း လေးသိန်းကျော်အထိ ရှိခဲ့တာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါတယ်။**

အခုဆိုရင် ဇွန်လ ၁၄ ရက်အထိ စာရင်းများအရ ရခိုင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများမှာ ကျောင်းအပ်နှံမှု ပမာဏက ၄၉၂၀၁၇ ဦးအထိ ရှိလာပြီး ကျောင်းတက်ရောက်ရာခိုင်နှုန်းက ၉၉ ဒသမ ၁ ရာခိုင်နှုန်းအထိရှိတာကိုလည်း တွေ့ရပါတယ်။

မုန်တိုင်းတိုက်ချိန်နဲ့ စာသင်ကျောင်းများ ပြန်ဖွင့်မယ့်အချိန်ကြားမှာ ပြန်လည်ပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းအတွက်ရတဲ့အချိန်က အလွန်ပဲ တိုတောင်းလှပါတယ်။ ဒါကြောင့်လည်း ကျောင်းသားများအတွက် ကျောင်းမှ ဖွင့်နိုင်ပါ့မလားလို့ မိဘများက စိုးရိမ်ခဲ့ကြတာပါ။

အခုတော့ အဲဒီအချိန်တုန်းက ဖြစ်ပေါ်ခဲ့တဲ့ မိဘများနဲ့ ကျောင်းသားများရဲ့ရင်ထဲက စိုးရိမ်ကြောင့်ကြမှုကြီးကို နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မှန်ကန်တဲ့ လမ်းညွှန်မှုကြောင့် ပြည်သူလူထုအားနဲ့ ဖယ်ရှားတွန်းလှန်နိုင်ခဲ့ပြီပဲဖြစ်ပါတယ်။

## ကျန်းမာရေးကဏ္ဍ

နိုင်ငံတစ်နိုင်ငံမှာ ပညာရေးကဏ္ဍပြီးရင် ကျန်းမာရေးကဏ္ဍကလည်း အလွန်အရေးကြီးတဲ့အထဲမှာ ပါပါတယ်။ လူတစ်ယောက် ကျန်းမာရေးမကောင်းရင် အိမ်သားတွေ စိတ်မချမ်းမသာဖြစ်ရသလို ငွေကုန်ကြေးကျမှုနဲ့ ဝမ်းနည်းပူဆွေးမှုတွေ ဖြစ်ပေါ်ကာ ကုန်ထုတ်လုပ်မှုလည်း လျော့နည်းကျဆင်းစေပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးပြီးရင် ကျန်းမာရေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်နေတာပါ။



ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



တပ်မတော်သားများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားတဲ့ ကာလတုန်းကဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ် ချမှတ်ခဲ့တဲ့မူဝါဒက သိပ်ကိုရှင်းလင်းပြတ်သားပါတယ်။ အဲဒီမူဝါဒကတော့ **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဆိုတဲ့ မူဝါဒပါပဲ။

အခုလည်း မုန်တိုင်းတိုက်ခတ်ပြီးချိန်မှာ မုန်တိုင်းရဲ့ နောက်ဆက်တွဲဆိုးကျိုးများကြောင့် မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုတွေ မဖြစ်ရလေအောင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ဆောင်ရွက်မှုများကို တင်ပြပေးသွားပါမယ်။

**မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုအနေနဲ့ ၅၀၇ လုံး ရှိပါတယ်။ ဒီထဲမှာမှ ဇွန်လ ၁၄ ရက်အထိ ပြန်လည်ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုရာခိုင်နှုန်းက ၆၀ ရာခိုင်နှုန်းရှိတာကို တွေ့ရပါတယ်။**

ပျက်စီးဆုံးရှုံးသွားတဲ့ အဆောက်အဦများကို ပြန်လည်တည်ဆောက်ရေး လုပ်ဆောင်ပေးနေသူတွေကတော့ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းနဲ့ အဆောက်အဦ ဦးစီးဌာနတို့ပါပဲ။

**ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများအဖြစ် Disaster Kits အခု ၂၂၀ ၊ IHEK Kits ၁၁၄ ခု၊ Hygiene Kits အခု ၁၀၀၊ ရေသန့်ဆေးပြား ၂၂၈၀၀၀၊ ဓာတ်ဆားထုပ် ၁၄၇၀၀၀ ၊ အားဆေး အပြား ၅၁၅၀၀၀၀ ၊ Life straw community water filter အလုံး ၂၀ ၊ အသက်ကယ်အင်္ကျီ အခု ၇၀၀၊ Emergency Light အခု ၉၀၀ နဲ့ အိမ်သာခွက်နဲ့ အိမ်သာပိုက် အခု ၃၀၀၀ အစရှိတဲ့ ဆေးနဲ့ ဆေးပစ္စည်းများကို ပို့ဆောင်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနဲ့ ပြည်သူလူထုအား ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။**

စစ်တွေမြို့ရှိ ဆေးရုံ၊ ဆေးခန်းများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦများနဲ့ ပတ်သက်ပြီး ပြင်ဆင်ရန် ၅၃ လုံးရှိသည့်အနက်မှ ၁၈-၅-၂၀၂၃ မှ ၃-၆-၂၀၂၃ အထိ ပြင်ဆင်ပြီး ၁၆ လုံး၊ ပြင်ဆင်ဆဲ ၂၉ လုံးနဲ့ ပြင်ဆင်ရန်ကျန် ရှစ်လုံးရှိပါတယ်။

လက်ရှိမှာကိုပဲ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများမှာ ဆေးရုံလုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိပြီး ခွဲစိတ်ကုသမှုလုပ်ငန်းများ၊ ပြင်ပလူနာ၊ အတွင်းလူနာများကို လက်ခံကုသပေးခြင်းများကိုလည်း ပုံမှန်အတိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**အခုဆိုရင် မုန်တိုင်းစတင်တိုက်ခတ်တဲ့ မေလ ၁၄ ရက်မှ ဇွန်လ ၁၄ ရက်အထိ ပြင်ပလူနာ ၁၈၉၃၄ ဦး၊ အတွင်းလူနာစုစုပေါင်း ၃၅၀၁၄ ဦး၊ ဆေးရုံတက်လူနာအသစ် ၁၃၇၁၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။**

**ဒါ့အပြင် ဒေသခံပြည်သူများအား ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ အလျင်အမြန် တုံ့ပြန်ရေးအဖွဲ့ ၁၄ ဖွဲ့၊ အထူးကုဆေးအဖွဲ့ ကိုးဖွဲ့၊ ဆေးကုသရေးအဖွဲ့ နှစ်ဖွဲ့နဲ့ တိုင်းရင်းဆေးကုသမှုအဖွဲ့တို့ကို စေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ရာ မေလ ၁၆ ရက်မှ ဇွန်လ ၁၄ ရက်အထိ ပြင်ပလူနာ ၈၀၂၁၃ ဦးကို ဆေးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။**

အလားတူ ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုတွေကို တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိတဲ့ တပ်မတော်သား ဆရာဝန်များ၊ ဆေးမှူးများဟာလည်း သဘာဝဘေးဒဏ်သင့်ခဲ့ရတဲ့ ဒေသတွေမှာ သွားရောက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ခဲ့ရာမှာ တပ်မတော်အကြီးအကဲရဲ့လမ်းညွှန်မှုအရ သဘာဝဘေးဒဏ် မကျရောက်မီကတည်းက ကြိုတင်စုဖွဲ့စေလွှတ်ထားတဲ့ ကူညီကယ်ဆယ်ရေးယာဉ် အစုအဖွဲ့ရှိ တပ်မတော်သား ကျန်းမာရေးဝန်ထမ်းအစုအဖွဲ့နဲ့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) လက်အောက်ခံဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များနဲ့ ဖွဲ့စည်းထားတဲ့ အထူးဆေးကုသရေးအဖွဲ့တို့ဟာ သဘာဝဘေးဒဏ် ကျရောက်ပြီးလျှင်ပြီးချင်းမှာပင် ရပ်ကွက်၊ ကျေးရွာများဆီအရောက်သွားပြီး လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။

**အခုလို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာမှာ မေလ ၁၇ ရက်ကနေ ဇွန်လ ၁၄ ရက်အထိ စုစုပေါင်း ဒေသခံပြည်သူ ၁၄၆၃၁ ဦးကို ဆေးကုသမှုဆိုင်ရာရောဂါ၊ ဝမ်းလျှော/ ဝမ်းပျက်ရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သားဖွား၊ မီးယပ်ရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ ထိခိုက်ဒဏ်ရာနဲ့ အခြားရောဂါတို့နဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။**

ကျန်းမာရေး တာဝန်ရှိသူများက ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ မုန်တိုင်းကျရောက်ပြီးပါက ဖြစ်ပွားလေ့ရှိတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ရခိုင်ပြည်နယ်အတွင်း ရေတွင်းရေကန်ပေါင်း ၅၀၄၈ ခုမှာ ကလိုရင်းဆေးခတ်ခြင်း၊ သွေးလွန်တုပ်ကွေး ရောဂါအတွက် အဘိတ်ဆေးခတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးတာဝန်ရှိသူများက အခုလိုမျိုးတွေ ဆောင်ရွက်ပေးနေတဲ့ကြားထဲက ဝမ်းပျက်ဝမ်းလျှောရောဂါက ဖြစ်ဖြစ်အောင် ဖြစ်လိုက်ပါသေးတယ်။ အကြောင်းရင်းကတော့ တာဝန်ရှိသူတွေရဲ့ သတိပေးချက်များကို လျစ်လျူရှုခြင်းကြောင့်လို့ ပြောရမှာပါပဲ။

ဒီကာလဟာ သရက်သီးပေါ်ချိန်ဖြစ်တဲ့အတွက် မုန်တိုင်းသင့်ဒေသမှာရှိတဲ့ ပြည်သူတွေအနေနဲ့ သရက်သီးကို စားသုံးခြင်းမပြုဖို့ တာဝန်ရှိသူတွေက အကြိမ်ကြိမ်သတိပေးခဲ့ပါတယ်။

တာဝန်ရှိသူတွေရဲ့ သတိပေးမှုကို ပြည်သူအများအပြားက လိုက်နာသော်လည်း မလိုက်နာသူ လူနည်းစုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့တာ တွေ့ရပါတယ်။

ဒါပေမယ့်လည်း ကျန်းမာရေးဝန်ကြီးဌာနက ကူးစက်ရောဂါများ ဖြစ်ပွားလာပါက အလျင်အမြန်သိရှိစေရေးအတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုမှုစနစ်ကို ဆောင်ရွက်လျက်ရှိတာကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါက ကပ်ရောဂါအသွင်ဖြစ်ပွားမှုမရှိခဲ့တာဟာ ဝမ်းမြောက်ဖွယ်ရာပါပဲ။

*(ဆက်လက်ဖော်ပြပါမည်)*

# မျှစ်စိုက်ပျိုးထုတ်လုပ်ရေးတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အခြေခံ၍ ကျေးလက်နေအိမ်ထောင်စုများ၏ လူမှုဘဝဝင်ငွေရရှိနိုင်မှု မြှင့်တင်နိုင်ရေးကြိုးပမ်း



**နေပြည်တော် ဇွန် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနက မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော "မျှစ်စိုက်ပျိုးထုတ်လုပ်ရေး တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ ကျေးလက်နေအိမ်ထောင်စုများ၏ လူမှုဘဝ ဝင်ငွေရရှိနိုင်မှုမြှင့်တင်ပေးနိုင်ရေးဆိုင်ရာ စီမံကိန်း" ၏ "ဝါးပျိုးပင်ပေးအပ်ပွဲအခမ်းအနား" ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပျဉ်းမနားမြို့နယ်ရှိ မြသာ၊ အောင်ဘိသိတ်၊ ကိုးရွာ၊ သံတောင်ဘိုမ၊ နန်းလွင်ဆန်း၊ မြသီတာ၊ ဆိတ်ဖူးတောင်နှင့် လွှက်တောင်ကျေးရွာများနှင့် လယ်ဝေးမြို့နယ် ဇလီငှက်ကြီးတောင်ကျေးရွာတို့မှ တောင်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ ရေမြေရာသီဥတု သဘာဝအခြေခံကောင်းများကို ထိထိရောက်ရောက်အသုံးချပြီး သီးနှံအမယ်စုံစိုက်ပျိုးထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိသော မြေများတွင် နှစ်ရှည်အကျိုးအမြတ်ခံစားရနိုင်သည့် ဝါးစိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုမိုးတွင်းကာလသည် ဝါးစိုက်ပျိုးရန် သင့်တော်သည့် ရာသီဥတုနှင့် အချိန်ကျရောက်ပြီဖြစ်၍ ဝါးပျိုးပင်များပေးအပ်မည်ဖြစ်ရာ ဝါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် ဝါးပျိုးပင်များကို ကောင်းစွာစိုက်ပျိုးစောင့်ရှောက်ပြီး ဖြစ်ထွန်းသော ဝါးတောများအဖြစ် ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ မိမိတို့စိုက်ပျိုးထားသော ဝါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလာမှုကို အခြားတောင်သူများထံသို့ လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝါးပျိုးပင်ပေးအပ်ပွဲ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝါးစိုက်ပျိုးလိုသည့် ကျေးရွာများမှ တောင်သူကိုယ်စားလှယ်များထံသို့ တစ်ဧကလျှင် ဝါးပျိုးပင် ၂၁၀ နှုန်းဖြင့် စိုက်ပျိုးဧရိယာ ၅၆ ဒသမ ၅ ဧကအတွက် ဝါးပျိုးပင် စုစုပေါင်း ၁၁၈၆၅ ပင်ကို ပေးအပ်ကြသည်။ **(ဓာတ်ပုံ)**

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော စီမံကိန်းဆိုင်ရာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မျှစ်နှင့်ဝါးလက်မှုထုတ်ကုန်များ၊ ဝါးစိုက်ခင်းထူထောင်ခြင်းနှင့် ဝါးရုံများ ရေရှည်စီမံခန့်ခွဲမှုဆိုင်ရာ လက်စွဲစာအုပ်များနှင့် လက်ကမ်းစာစောင်များကို ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် ၂၀၂၃ (SPIEF'23)နှင့် ဆက်စပ်အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တက်ရောက်

**နေပြည်တော် ဇွန် ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့်အတူ ဇွန် ၁၅ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ် ၂၀၂၃ (SPIEF'23) ဒုတိယနေ့ အခမ်းအနားသို့ တက်ရောက်သည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးတို့သည် မကွေးတိုင်းဒေသကြီးအတွင်း မင်းလှ(၁၁၆ မဂ္ဂါဝပ်)နှင့် မင်းတုန်း (၅၆ မဂ္ဂါဝပ်) လေအားလျှပ်စစ် စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Nova Wind JSC ၊ Primus Advanced Technologies Ltd. တို့ ပူးပေါင်းမှု နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MOU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့တွင် ပုပ္ပား(၂၀၀ မဂ္ဂါဝပ်) လေအားလျှပ်စစ် စီမံကိန်းများအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Nova Wind JSC၊ Zeya & Associates Co.,Ltd. တို့ ပူးပေါင်းမှု နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MOU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ လည်းကောင်း တက်ရောက်ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Rosatom ၏ ညွှန်ကြားရေးမှူးချုပ် Mr.Alexey Likhachev နှင့် တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ယခုထက် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Roscongress ၏ CEO Alexander Shatirov နှင့် တွေ့ဆုံ၍ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

# သမဝါယမစာရင်းကိုင်သင်တန်းကျောင်း(မကွေး) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်သင်တန်းဖွင့်ပွဲကျင်းပ

**မကွေး ဇွန် ၁၆**

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမစာရင်းကိုင်သင်တန်းကျောင်း(မကွေး)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သမဝါယမစာရင်းကိုင်သင်တန်းကျောင်း(မကွေး) ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သမဝါယမစာရင်းကိုင်သင်တန်းကျောင်း(မကွေး)ကျောင်းအုပ်ကြီးနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သမဝါယမစာရင်းကိုင် သင်တန်းကျောင်းများကို အခြေခံပညာ အဋ္ဌမတန်းနှင့် စနစ်သစ် Grade-11 အောင်မြင်ပြီး ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများအား စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်နှင့် သင်တန်းပြီးဆုံးပါက ထူးချွန်သူများကို သမဝါယမ ကောလိပ်များနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များသို့ ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပထမနှစ်သင်တန်းတွင် ဘာသာရပ် ခုနစ်ခု၊ ဒုတိယနှစ်သင်တန်းတွင် ဘာသာရပ် ရှစ်ခု သင်ကြား ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ခြင်ထောင်၊ ဖျာ၊ ဝတ်စုံ၊ စာရေးကိရိယာများနှင့် စားသောက်စရိတ်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ဓာတ်ပုံ)**



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားသင်တန်းသူများအတွက် စာရေးကိရိယာများကိုထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပြဋ္ဌာန်းစာအုပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဝတ်စုံများနှင့် တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖျာ၊ ခြင်ထောင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုစည်သူ(မကွေး)**

# ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် (၁၁) ကြိမ်မြောက် စုပေါင်းသွေးလှူ

**ရန်ကုန် ဇွန် ၁၆**

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် MPTမှ (၁၁) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းမှုကို ဇွန် ၁၆ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မန္တလေးမြို့ရှိ ခုတင်-၃၀၀ သင်ကြားရေးဆေးရုံ၊ နေပြည်တော်ရှိ ခုတင်-၁၀၀၀ အထွေထွေရောဂါကုဆေးရုံကြီး၊ မကွေးတိုင်းဒေသကြီးဆေးရုံကြီး၊ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၊ ကချင်ပြည်နယ် ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆေးရုံကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသားသွေးလှူဘဏ်တို့တွင် MPT မှ သွေးလှူရှင်ဝန်ထမ်း ၅၀၅ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး ရန်ကုန်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်း၌ သွေးလှူရှင်ဝန်ထမ်း ၁၆၅ ဦးတို့က စုပေါင်းလှူဒါန်းခဲ့ကြသည်။

အဆိုပါ သွေးလှူဒါန်းသည့် (၁၁) ကြိမ်မြောက်အထိ MPT မှ တိုင်းဒေသကြီးနှင့်ပြည်နယ် ရှစ်ခုတို့တွင် သွေးလှူရှင် ၇၀၀၀ ကျော်က သွေးအိတ်ပေါင်း ၁၀၀၀၀ ကျော်ကို ဆေးရုံများနှင့် အမျိုးသားသွေးလှူဘဏ်တို့တွင် အရေးပေါ်သွေးလိုအပ်သည့် လူနာများအတွက် လှူဒါန်းခဲ့ကြပြီး ယနေ့ မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်းတွင် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းလှူဒါန်းသည့် သွေးအိတ် ၁၆၅ အိတ်ကို ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **အီးသန်**

# (၁၄) ကြိမ်မြောက် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အစိုးရဌာနဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်



**နေပြည်တော် ဇွန် ၁၆**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်သည့် (၁၄) ကြိမ်မြောက် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အစိုးရဌာနဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ Online ဖြင့် တက်ရောက်သည်။ **(အပေါ်ယာပုံ)**

ဇွန် ၁၃ ရက်က ကျင်းပသည့် အစည်းအဝေး ဒုတိယနေ့ သက်ဆိုင်ရာ နိုင်ငံအလိုက် ဆွေးနွေးတင်ပြမှုအစီအစဉ်တွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ပထမ စက်ဝန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အကြံပြုချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း၏ အနှစ်ချုပ်အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း အလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ဇွန် ၁၄ ရက်က ကျင်းပသည့် အစည်းအဝေး တတိယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဆောင်ရွက်မှုများနှင့် အလေ့အကျင့်ကောင်းများ ခေါင်းစဉ်အောက်မှ ပါဝင်ဆွေးနွေးခဲ့ရာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အတွက် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ထားပါကြောင်း၊ ကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅) ကို ရေးဆွဲ၍ အဆိုပါ စီမံချက်အပေါ် နှစ်အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

ဇွန် ၁၅ ရက်က ကျင်းပသည့် အစည်းအဝေး စတုတ္ထနေ့တွင် ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာမီအချိန်တွင် ရုရှား ဖက်ဒရေးရှင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရေးအတွက် မြို့ကြီးများတွင် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UN-CAC) အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကောင်းမွန်သည့် အလေ့အထများ၊ အတွေ့အကြုံများ မျှဝေရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတွင် စာရင်းစစ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ခိုင်မာအားကောင်းရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းလမ်းများ၊ မူဝါဒများ၏ အကျိုးသက်ရောက်မှု၊ ထိရောက်မှုတို့အပေါ် အကဲဖြတ်ဆန်းစစ်ရေး၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်နှင့် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးသန်းစိုး၊ ဦးမောင်မောင်တင့်၊ ဦးဝင်းတည်နှင့် ဒေါက်တာထွန်းထွန်းဦးတို့က Online ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပြီး ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သည့် ကိုယ်စားလှယ်နှစ်ဦးတို့က အစည်းအဝေးခန်းမအတွင်း ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


## နိုင်ငံတကာသတင်း

### လျှပ်စစ်ကားဘက်ထရီထုတ်လုပ်မှုအတွက် ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ သန်း ၈၅၀ တိုယိုတာကုမ္ပဏီ ရရှိမည်

**တိုကျို ဇွန် ၁၆**

တိုယိုတာကုမ္ပဏီကို ဂျပန်အစိုးရက ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာသန်း ၈၅၀ နီးပါး ထုတ်ပေးတော့မည် ဖြစ်သည့်အတွက် ကုမ္ပဏီအနေဖြင့် လျှပ်စစ်ကားဘက်ထရီကို အရှိန်တိုးမြှင့်ထုတ်လုပ်နိုင်တော့မည်ဟု ဂျပန်အစိုးရအရာရှိများက ပြောသည်။

တိုယိုတာကုမ္ပဏီသည် ၂၀၂၆ ခုနှစ် အရောက်တွင် နှစ်စဉ် လျှပ်စစ်ကားအစီးရေ ၁ ဒသမ ၅ သန်းကို ထုတ်လုပ်ပေးရန် အစီအစဉ်ရှိသည်ဟု ကြေညာထားသည်။ အစိုးရ၏ ထောက်ပံ့မှုကြောင့် ကုမ္ပဏီ၏ လက်ရှိ ထုတ်လုပ်နိုင်စွမ်းကို နှစ်ဆတိုးအောင် ပြုလုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။



ယခုထုတ်ပေးမည့် ထောက်ပံ့ကြေးဖြင့် ဂျပန်နိုင်ငံအတွင်း ထုတ်လုပ်နိုင်စွမ်းကို ဖူလုံစေမည်ဖြစ်သည်။ ဂျပန်နိုင်ငံအတွင်း လျှပ်စစ်ကားထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ကား ဘက်ထရီထုတ်လုပ်ခြင်းတို့အတွက် တိုယိုတာကုမ္ပဏီသည် ဂျပန်အစိုးရ၏ ဘတ်ဂျက်ခွဲဝေချထားမှု အကြမ်းဖျင်းအားဖြင့် နှစ်ဘီလီယံဒေါ်လာရရှိမည်ဖြစ်သည်။ ဧပြီလအတွင်းကလည်း ဟွန်ဒါ ကားကုမ္ပဏီနှင့် ဘက်ထရီ အဓိက ထုတ်လုပ်သည့် GS Yuasa တို့ ပူးတွဲစက်ရုံတည်ဆောက်ရေးအတွက် ဒေါ်လာ တစ်ဘီလီယံထောက်ပံ့ပေးရန် အစိုးရက ဆုံးဖြတ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### ရဟတ်ယာဉ်ပျက်ကျမှုအတွင်း သေဆုံးသွားသည့် လေးဦးမြောက် စစ်သား၏ ရုပ်အလောင်းကို တူနီးရှားရှာဖွေတွေ့ရှိ

**တူနစ် ဇွန် ၁၆**

တူနီးရှားကာကွယ်ရေးဝန်ကြီးဌာနက ဘိုင်ဇာတီပြည်နယ်၌ ပျက်ကျသွားသည့် စစ်ရဟတ်ယာဉ်တစ်စင်းပေါ်၌ သေဆုံးသွားသည့် လေးဦးမြောက် စစ်သား၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၁၅ ရက်က ကြေညာခဲ့သည်။

တူနီးရှားနိုင်ငံမြောက်ပိုင်း ဘိုင်ဇာတီပြည်နယ် ကက်စီရတ်ဒေသ၌ ရဟတ်ယာဉ်ပျက်ကျသည့်အချိန်မှစကာ ရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း၊ အဆိုပါနေရာ၌ သေဆုံးသူသုံးဦးနှင့် ရဟတ်ယာဉ်အပျက်အစီး အပိုင်းအစများကို ပြန်လည်ရရှိခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ စစ်သားလေးဦး လိုက်ပါသည့် စစ်ရဟတ်ယာဉ်တစ်စင်းမှာ ညပိုင်းပျံသန်းစဉ် အဆိုပါဒေသ၌ အဆက်အသွယ်ပြတ်တောက်ခဲ့သည်ဟု ဇွန် ၈ ရက်တွင် ဝန်ကြီးဌာနက ကြေညာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် နှစ်ဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရ

**နယူးဒေလီ ဇွန် ၁၆**

အိန္ဒိယနိုင်ငံ အနောက်ပိုင်းပြည်နယ်ဖြစ်သည့် ဂူဂျာရတ်ပြည်နယ်တွင် အဖျက်အားကြီးမားသည့် ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်းကြောင့် နှစ်ဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းမှာ ဖျက်အားကြီးမားသည့်အတွက် အပျက်အစီးများပြားကြောင်း သိရသည်။ ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်းသည် ဇွန် ၁၅ ရက် ညနေပိုင်းက စတင်ဝင်ရောက်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၂၅ ကီလိုမီတာမှ ၁၄၀ ကီလိုမီတာရှိသည်။

ယင်းမုန်တိုင်းကြောင့် ဘတ်ဖ်နာဂါခရိုင်တွင် နှစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၂ ဦးထက်မနည်းရှိသည်ဟု သိရသည်။ ကျေးရွာပေါင်း ၁၀၀၀ တွင် လျှပ်စစ်မီးပြတ်တောက်နေပြီး မုန်တိုင်းသက်ရောက်ရာ ကမ်းရိုးတန်းဒေသများတွင် ရထားပြေးဆွဲမှုများကိုလည်း ရပ်နားထားရသည်။ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ခရိုင်ရှစ်ခုမှ ပြည်သူပေါင်း ၁ ဒသမ ၉ သန်းကျော် ခံစားနေရသည်။ မုန်တိုင်းကြောင့် အပျက်အစီးစာရင်းများကိုမူ တွက်ချက်နေဆဲဖြစ်သည်။

အနိမ့်ပိုင်းဒေသမှ ပြည်သူများနှင့် ကမ်းရိုးတန်းဒေသနေပြည်သူ ၉၄၀၀၀ ခန့်ကို လုံခြုံစိတ်ချရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု သိရသည်။ အဆိုပါမုန်တိုင်းမှာ ဇွန် ၁၆ ရက် ညနေပိုင်း၌ ဆာရာရှ်ထရာနှင့် ကက်ချ်ခရိုင်တို့အရောက်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားနည်းပျက်ပြယ်သွားနိုင်သည်ဟု အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**



မုန်တိုင်းကြောင့် မန်ဒ်ဗီမြို့၌ လေပြင်းများတိုက်ခတ်နေသည်ကို တွေ့ရစဉ်။

## မိုခါမုန်တိုင်းဒဏ်သင့် ဦးရာဇ်တော်ဓာတ်စေတီ ဓာတ်လှေကားပြန်လည်ပြုပြင်ရေး အလှူငွေ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်ခြင်း

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ မြတ်စွာဘုရား၏ ဦးရာဇ်တော်ဓာတ် ဌာပနာတည်ထား ကိုးကွယ်ရာ ရှေးဟောင်းသမိုင်းဝင် ဦးရာဇ်တော်ဓာတ်စေတီတော်မြတ်ကြီး၏ ဓာတ်လှေကားကို ၂၀၁၉ ခုနှစ်တွင် ကုန်ကျငွေကျပ် ၆၄၃ ဒသမ ၉ သန်းဖြင့် တည်ဆောက်တပ်ဆင်ပြီးစီးခဲ့ပါသည်။ ဓာတ်လှေကား၏ အမြင့်မှာ ၁၃၈ ပေ ၆ လက်မဖြစ်ပြီး လျှောက်လမ်းအရှည် ၁၉၉ ပေ ၆ လက်မ၊ လျှောက်လမ်းအကျယ် ၁၂ ပေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ဓာတ်လှေကားအိမ်အကာတပ်ဆင်ခြင်းလုပ်ငန်း တန်ဖိုးမှာ ငွေကျပ် ၄၆ ဒသမ ၁၁ သန်းဖြစ်ပါသည်။ ၁၄-၅-၂၀၂၃ ရက်နေ့က တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းဒဏ်ကြောင့် ဓာတ်လှေကားစက် မပျက်စီးသော်လည်း ဓာတ်လှေကားအိမ်အကာ ပျက်စီးသွားခဲ့ပါသည်။ အဆိုပါ ဓာတ်လှေကားအိမ်အကာ အမြန်ပြန်လည်တပ်ဆင်ခြင်းမပြုပါက မိုးရာသီအတွင်း ဓာတ်လှေကား စက်ပါထိခိုက်လာနိုင်ကြောင်းသိရှိရပါသည်။ သို့ပါ၍ ဘုရားဖူးပြည်သူများ အခက်အခဲမရှိ လွယ်လင့်တကူ ဖူးမြော်နိုင်ရန် ဓာတ်လှေကားပြန်လည်အသုံးပြုနိုင်ရေးအတွက် အကာနှင့်ဖရိန်ဖိုးအပါအဝင် ဓာတ်လှေကား အိမ်အကာပြန်လည်တပ်ဆင်ခြင်းလုပ်ငန်း ခန့်မှန်းကုန်ကျငွေကျပ်-၇၀၀၀၀၀၀၀/-(ငွေကျပ်သိန်းခုနစ်ရာတိတိ)အတွက် စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းငွေများ ပါဝင်ကုသိုလ်ပြုနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ အလှူငွေများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ | ဦးသိန်းဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်(သာသနာရေး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော် | ၀၆၇-၃၄၀၃၄၅၆ |
| ၂။ | ဦးမျိုးညွန့်အောင်၊ ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန၊ နေပြည်တော် | ၀၆၇-၃၄၀၆၀၀၄ |
| ၃။ | ဦးစိန်မြင့်၊ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စစ်တွေမြို့ | ၀၉၄၀၀၆၈၅၃၅၀ |
| ၄။ | ဦးထွန်းမြင့်ဦး၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်သာသနာရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ | ၀၉၂၀၄၂၀၈၅ |
| ၅။ | ဦးမောင်စံဝင်း၊ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပုဏ္ဏားကျွန်းမြို့နယ် | ၀၉၄၂၀၇၂၅၀၇ |
| ၆။ | ဦးမောင်ကျော်အေး၊ ဥက္ကဋ္ဌ၊ ဦးရာဇ်တော်ဓာတ်စေတီတော် ဂေါပကအဖွဲ့၊ ပုဏ္ဏားကျွန်းမြို့နယ် | ၀၉၂၅၈၅၃၄၂၀၂ |

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် ဒပြုချောင်း ကျေးရွာအုပ်စု ဒပြုချောင်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး မုန်တိုင်းဒဏ်သင့် ကျေးရွာအုပ်စု ငါးအုပ်စုတို့မှ ဒေသခံပြည်သူများနှင့် ကျေးရွာကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။ **(ယာပုံ)** ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများနှင့် တွေ့ဆုံ၍ မုန်တိုင်းသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်း အစည်းအဝေးပြုလုပ်ခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ် အောင်သူဦးနှင့် တာဝန်ရှိသူများသည် မဟာကကြီးသျှင် ဘုရားကြီးပရိဝုဏ်အတွင်းရှိ မေတ္တာဥယျာဉ် ပညာဒါနပရဟိတကျောင်း ဆရာတော် မဟာပရဟိတရေ ဘဒ္ဒန္တနန္ဒာစာရ အား သွားရောက်ဖူးမြော်ပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အဋ္ဌမအကြိမ် မြန်မာ - ထိုင်း နှစ်နိုင်ငံ လေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RATF Air Working Group Meeting) ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

မြန်မာ့တပ်မတော် (လေ)နှင့် ထိုင်းဘုရင့်လေတပ်တို့ အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်ရည်ရွယ်ပြီး အဋ္ဌမအကြိမ် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား အလုပ်ရုံဆွေးနွေးပွဲ (8th MAF-RATF Air Working Group Meeting) ကို ဇွန် ၁၂ ရက်မှ ယနေ့အထိ နေပြည်တော်ရှိ Aureum Palace Hotel ၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**



အဆိုပါ ထိုင်းဘုရင့်လေတပ်မှ Air Marshal Kidkuan Sadub ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ညနေပိုင်းတွင် နှစ်နိုင်ငံလေတပ်များမှ အစည်းအဝေးကျင်းပရေး အတွင်းရေးမှူးအဖွဲ့များအကြား အကြိုညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ Aureum Palace Hotel အစည်းအဝေးခန်းမ၌ ပြုလုပ်ကြသည်။

ထို့နောက် ဇွန် ၁၃ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ရာ နှစ်နိုင်ငံ လေတပ် အစည်းအဝေး သဘာပတိများဖြစ်ကြသည့် မြန်မာ့တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ် (လေ)နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Kidkuan Sadub တို့သည် အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက်များအား အတည်ပြုလက်မှတ်ရေးထိုးကြကာ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန် လဲလှယ်ခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညနေပိုင်းတွင် မြန်မာ့တပ်မတော်(လေ) က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့ပြင် ဇွန် ၁၄ ရက်တွင် ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားနှင့် ဆူးလေစေတီတော်တို့သို့ သွားရောက်ဖူးမြော်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံရုံးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တပ်မတော်(လေ)မှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြသည်။

ယနေ့တွင် အဆိုပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၆**

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဘောလုံးပြိုင်ပွဲကျင်းပ ဘောလုံးချစ်ပရိသတ်များ သောင်းသောင်းဖြဖြအားပေး

**ရန်ကုန် ဇွန် ၁၆**
မိုခါမုန်တိုင်း သဘာဝဘေး အန္တရာယ် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ အားကစားကွင်း၌ ကျင်းပ သည်။

ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲဝင် အသင်းနှစ်သင်းအား ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူ များက ကြိုဆိုနှုတ်ဆက်သည်။

ရန်ပုံငွေဘောလုံး ပြိုင်ပွဲကို မွန်းလွဲ ၃ နာရီတွင် စတင်ကျင်းပ ရာ ကောင်းထက်ဇော်၊ အောင်ရေ ချမ်း၊ ကျော်ဆု၊ လင်းမြတ်၊ မာန်ဟိန်း၊ စည်သူဝင်း၊ နက္ခတ်၊ မှူးသီဟသူ၊ ရှင်မွေလ၊ မိုးသူရ၊ မင်းဘုန်းမြတ်၊ အောင်ပိုင်၊ စောမင်းရာ၊ နက်ရှိုင်းကို၊ ဝေဇာ ကျော်၊ နေဝန်း၊ မိုးကောင်းကင် တို့ ပါဝင်သည့် Forever FC အသင်း နှင့် နေထက်လင်း၊ သူထူးစံ၊ ကောင်းခန့်၊ မိုးယံဇွန်၊ နေဒွေး၊ ကျော်ကျော်၊ ဘုန်းသျှံ၊ သာထက်၊ မင်းခန့်ကျော်၊ အိမ်အိမ်း၊ အိစိကွေး၊ ဖိုးညဏ်၊ နေဇာန်၊ နေသူရိန်၊ မျက်ပြူး၊ ထက်ဦးထွန်း နှင့် မိုးမာန်တို့ပါဝင်သည့် ရုပ်ရှင် အသင်း(Movie FC)တို့ အကြိတ် အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ရုပ်ရှင်အသင်း (Movie FC) က Forever FC အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ညနေ ၅ နာရီတွင် ဒုတိယ ပွဲစဉ်အဖြစ် ထူးအယ်လင်း၊ ဆိုတေး၊ ဒီဖြိုး၊ အစ္စဏီ၊ ညီမင်းခိုင်၊ ဝေလျှံ၊ ဥက္ကါ၊ ရာဝဏ ၊ ရော်ရွက်၊ မုန်ဆန်အောင်၊ သီဟ၊ သာထူး အောင်၊ နေလင်းကျော်၊ ZG၊ ဘိုဘို မြသိန်း၊ အောင်အောင်ဦး၊ မုန်ထွယ်အောင်တို့ ပါဝင်သည့် ဂီတအသင်း (Music FC) နှင့် နေလင်းဦး၊ အောင်ကျော်ကျော်၊ မျိုးလှိုင်ဝင်း၊ ကြည်လွင်၊ တင်မြင့် အောင်၊ သန်းဝေ၊ ကျော်မင်း၊ အေးနိုင်၊ တင်ဝင်း၊ မောင်မောင် ဌေး၊ စိုးမြတ်မင်း၊ ရန်ပိုင်၊ အောင်မျိုး၊ မောင်မောင်မြင့်၊ မြင့်ကို၊ ထွန်းကျော်၊ မိုးကျော်၊ ကျော်မျိုးဟန်၊ ဌေးလွင်၊ ယဉ်မင်းအောင်တို့ ပါဝင်သော မြန်မာ့ဘောလုံး လက်ရွေးစင် ဟောင်းများဖြစ်သည့် ညွန့်ပေါင်း ဘောလုံးအသင်း (Old Star FC) တို့ယှဉ်ပြိုင်ကစားကြရာ ဂီတ အသင်း(Music FC)က ညွန့်ပေါင်း ဘောလုံးအသင်း (Old Star FC) အသင်းကို လေးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

ဇွန် ၁၇ ရက် မွန်းလွဲ ၃ နာရီ တွင် ယနေ့အနိုင်ရရှိခဲ့သည့် ရုပ်ရှင်အသင်း (Movie FC)နှင့် ဂီတအသင်း(Music FC) အသင်း တို့သည် ဗိုလ်လုပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ပြီး Forever FC အသင်းနှင့် ညွန့်ပေါင်းဘောလုံးအသင်း(Old Star FC)တို့သည် တတိယနေရာ လုပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကြ မည်ဖြစ်သည်။

ထို့ပြင် ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် အနုပညာရှင်များစွာ ပါဝင်သော တေးဂီတအစီအစဉ် များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ပြီး ထိုနေ့တွင်ရရှိသည့် ဘောလုံးပွဲ ဝင်ကြေးရန်ပုံငွေများကို မိုခါ မုန်တိုင်း သဘာဝဘေးဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လှူဒါန်း သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက ညွန့်ပေါင်းဘောလုံးအသင်း (Old Star FC) ဘောလုံးအသင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရုပ်ရှင်ဘောလုံးအသင်း (Movie FC) အသင်းနှင့် Forever FC ဘောလုံးအသင်းတို့အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရွှေကြိုသမီးပျိုများက ပန်းစည်းများ ပေးအပ်စဉ်။




ရုပ်ရှင်ဘောလုံးအသင်း (Movie FC) အသင်းနှင့် Forever FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးရန်ပုံငွေဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြသူများ၏ ပီတိစကားသံများ

ရန်ကုန် ဇွန် ၁၆


**မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး ရန်ပုံငွေ အဖြစ် ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ လက်ရွေးစင် အားကစားသမားဟောင်းများ ပူးပေါင်း၍ ဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာ ရုပ်ရှင်ဘောလုံးအသင်း(Movie FC)၊ ဂီတဘောလုံးအသင်း(Music FC)၊ Forever FC ဘောလုံးအသင်းနှင့် ညွန့်ပေါင်းဘောလုံးအသင်း (Old Star FC)တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါ ရန်ပုံငွေပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများ၏ ပီတိစကားသံများကို ဖော်ပြလိုက်ပါသည်-**



ဦးနေလင်းဦး



နေဒွေး



အောင်ကျော်ကျော်



နက္ခတ်

**ဦးနေလင်းဦး**
**(မိုခါရန်ပုံငွေဘောလုံးပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ)**

ဒီပွဲလေး ကျင်းပဖြစ်တာ ကတော့ မိုခါသဘာဝဘေး ဒီမုန်တိုင်းဘေးကြောင့် ကျွန်တော် တို့ ပြည်သူတွေရဲ့ အိုးအိမ် စည်းစိမ်တွေ ပျက်စီးဆုံးရှုံးသွား တယ်။ ဒီလိုမျိုးတွေအပေါ်မှာ ကျွန်တော်တို့ဘယ်လိုပြန်ပြီးတော့ ကုစားပေးမလဲ၊ ဘယ်လိုပြန်ပြီး တော့ ထောက်ပံ့ပေးမလဲဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျွန်တော်တို့ က ဒီပွဲလေးကို ကျင်းပပြီး ရန်ပုံငွေ ရှာတာဖြစ်ပါတယ်။

ကျွန်တော်တို့ကတော့ ဒီပွဲနဲ့ ပတ်သက်ပြီးတော့ ပထမဆုကို ငွေကျပ်သိန်း ၅၀၊ ဒုတိယဆုကို ငွေကျပ်သိန်း ၃၀၊ တတိယဆုကို ငွေကျပ်သိန်း၂၀လို့ သတ်မှတ်ထား ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့က ဒီလေးသင်းက နိုင်သမျှဆုကြေးငွေ အကုန်လုံးကို ပြန်လည်လှူဒါန်းကြမှာ ဖြစ်ပါ တယ်။

ပရိသတ်ကြီး အနေနဲ့ ကျွန်တော်တို့ ဘောလုံးပွဲကို လာရောက် အားပေးကြပါလို့ ပြောချင်ပါတယ်။ အကယ်၍များ အချိန်မအားမလပ်လို့ ကွင်းထဲ ထိ မလာနိုင်ဘူးဆိုရင်လည်း တိုက်ရိုက်လွှင့်တဲ့ တီဗွီချန်နယ် တွေကနေ တီဗွီဖန်သား ပြင်တွေ ပေါ်က ကျွန်တော်တို့ကို အားပေး ပြီးတော့ ကျွန်တော်တို့ဖော်ပြထား တဲ့ ကျူအာရ်ကုတ်တွေ၊ အကောင့် တွေကနေ ငွေကြေးလှူဒါန်းပါလို့ ကျွန်တော်တိုက်တွန်းနှိုးဆော်ပါ တယ်။

ဒီပွဲအတွက် ကျွန်တော် ကိုယ်တိုင်ကလည်း ငွေကျပ်သိန်း ၅၀ပါဝင်လှူဒါန်းထားသလိုတခြား သော အလှူရှင်တွေကလည်း လှူဒါန်းထားပါတယ်။ နောက် ရန်ပုံငွေပွဲ ကရတာတွေကိုလည်း ပြန်လည်လှူဒါန်းမှာ ဖြစ်ပါတယ်။

**နေဒွေး(သရုပ်ဆောင်)**

ကျွန်တော်တို့ အနုပညာအား နဲ့ ပါဝင်ပြီးတော့ ရန်ပုံငွေပွဲလေး လုပ်ပေးတာဆိုတော့ ပျော်ရွှင်ပါ တယ်။ စနေနေ့မှာလည်း သုဝဏ္ဏကွင်းမှာ ဆက်ပြီးကန်မှာ ဆိုတော့ လာပြီးတော့ကြည့်ရှု အားပေးကြပါ။ လက်မှတ်တစ် စောင် ငွေကျပ် ၃၀၀၀ ပါ။ ၃၀၀၀ ဆိုတာကလည်း ကိုယ့်ရဲ့ ဒါန အလှူပဲ ဖြစ်ပါတယ်။

**အောင်ကျော်ကျော်(မြန်မာ့ လက်ရွေးစင်ကစားသမားဟောင်း)**

ရန်ပုံငွေပွဲအတွက် ဆိုတော့ ကျွန်တော်တို့လည်း တစ်တပ် တစ်အား ပါဝင်ပြီးတော့ လာပြီး ကစားပေးတာပါ။ သူငယ်ချင်း တွေလည်း ပြန်ဆုံကြတယ်။ လူဟောင်းတွေချည်းပဲလေ။ မဆုံ ဖြစ်တာ နှစ်ပေါင်းလည်း မနည်း တော့ဘူး။ ဒီလိုပါဝင် ခွင့်ရတာ လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့တင်မကဘူး အခြား ပြည်သူတွေပါ အားလုံးဝိုင်းဝန်း ကူညီပေးကြဖို့ တောင်းဆိုလို ပါတယ်။ ကျွန်တော်တို့အဖွဲ့က အားလုံး ၅၀ အထက်တွေချည်းပဲ၊ ၆၀ နီးနီးရှိတဲ့ သူတွေလည်းရှိတယ်။

**နက္ခတ်(သရုပ်ဆောင်)**

ကျွန်တော်တို့ **Forever FC** က အရင်တုန်းကလည်း မန္တလေး မှာ ကန်တယ်။ အရင်တုန်းက လည်း ဘောလုံးကန်ဖြစ်တယ်ဆို တော့ အခုလိုကန်ဖြစ်တာ ဖြစ်ပါ တယ်။ အခု မိုခါမုန်တိုင်းအတွက် ရန်ပုံငွေပွဲဆိုတော့ ဒီပွဲမှာ တစ်ထောင့် တစ်နေရာကနေ

*စာမျက်နှာ ၁၇ သို့*

# လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၆**

၂၀၂၃ ခုနှစ် ဇွန် ၁၂ ရက် ညနေပိုင်းတွင် လယ်ဝေးမြို့မရဲစခန်းအား (စိစစ်ဆဲ)ကျား နှစ်ဦးက လက်ပစ်ဗုံးဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး ယင်းနေ့ ညပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဉဏအောင်မြေလမ်း၊ MICC–II ဂိတ်(၂) ဝင်ပေါက်အား (စိစစ်ဆဲ)ကျား သုံးဦးတို့မှ လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

သို့ဖြစ်၍ အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး အချိန်နှင့်တစ်ပြေးညီ နေ့/ည မပြတ် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကို လိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်း ပေးပို့ချက်များနှင့် မြေပြင်သတင်း စုံစမ်းရရှိချက်များအရ ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့မ ရဲစခန်းနှင့် MICC–II ဂိတ်(၂)ဝင်ပေါက်တို့ကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်သွားသည့် တရားခံ **သက်နိုင်**နှင့် အငှားယာဉ်မောင်း **ရန်နိုင်ထွန်း** တို့အား ပျဉ်းမနားမြို့နယ် အာဟာရသုခ ဈေးအနီးရှိ "ရွက်သစ်" လက်ဖက်ရည်ဆိုင်၌ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

၁၂–၆–၂၀၂၃ ရက်တွင် လယ်ဝေးမြို့မ ရဲစခန်းရှေ့တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူတစ်ဦး။



ဦးကျော်ရဲလူ (မစိုးရိမ်ရ)

လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂) ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား ၁၀ နာရီအတွင်း ဖမ်းဆီးရမိ






၁၂–၆–၂၀၂၃ ရက်တွင် ဇမ္ဗူသီရိမြို့ ဘောဂသိဒ္ဓိရပ်ကွက် ဉဏအောင်မြေလမ်း MICC–II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်သည့် ဖြစ်စဉ်မှ တရားခံ နှစ်ဦး၏ CCTV မှတ်တမ်းဓာတ်ပုံ။

တရားခံများ စီးနင်းသည့် ဆိုင်ကယ်မှတ်တမ်းဓာတ်ပုံ။



လယ်ဝေးမြို့မ ရဲစခန်းနှင့် MICC–II ဂိတ်(၂) ဝင်/ထွက်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်သည့်ဖြစ်စဉ်မှ တရားခံဝတ်ဆင်ခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ဖမ်းဆီးရမိတရားခံ **သက်နိုင်**၏ ထွက်ဆိုချက်အရ ယင်းနေ့ နေ့လယ်ပိုင်းတွင် တရားခံ **ရဲနိုင်**နှင့် အငှားယာဉ်မောင်း **အိုင်ဖော့(ခ)ရန်နိုင်ဦး** တို့အား လိပ်သိုမြို့အဝင်စစ်ဆေးရေးဂိတ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ လေးဦးတို့အား ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့် ရာဇဝတ်ဘေးပြေးမလွတ်ဆိုသည့်အတိုင်း ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **သက်နိုင်**နှင့် **ရဲနိုင်**တို့သည် နေပြည်တော် ကောင်စီနယ်မြေအတွင်း ကြုံရာကျပန်း လုပ်ကိုင်နေသူများဖြစ်ပြီး တရားခံပြေး **ရှမ်းလေး**၏ ချိတ်ဆက်ပေးမှုဖြင့် စစ်တောင်းမြို့ပြ ပြောက်ကျား အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် တရားခံပြေး **ဇင်ယော်(ခ) ငှက်ဖြူ(ခ)နေလင်း**နှင့် ရင်းနှီးခဲ့ကြောင်း၊ တရားခံပြေး **ဇင်ယော် (ခ) ငှက်ဖြူ (ခ) နေလင်း**မှ နေပြည်တော် ကောင်စီနယ်မြေအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကူညီပါဝင်ဆောင်ရွက်ပေးရန်နှင့် ငွေကြေး ထောက်ပံ့ပေးမည်ဟု ပြောဆိုစည်းရုံးခဲ့သဖြင့် ၎င်းတို့ နှစ်ဦးမှ ငွေကြေးရယူလိုမှုဖြင့် သဘောတူ လက်ခံခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၃ ခုနှစ် ဇွန် ၁၀ ရက်တွင် တရားခံပြေး **ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်း** မှ MICC–II နှင့် လယ်ဝေးမြို့မ ရဲစခန်းတို့ကို ပစ်ခတ်ဖောက်ခွဲရန် လက်ပစ်ဗုံး နှစ်လုံးအားပေးခဲ့သဖြင့် **သက်နိုင်၊ ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့မှ ကယားပြည်နယ် ပဆေးလာကျေးရွာသို့ သွားရောက် ယူဆောင်ခဲ့ကြောင်း၊ ၎င်းနောက် ဇွန် ၁၁ ရက်တွင် လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂)ဝင်ပေါက်တို့အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ရန် **သက်နိုင်၊ ရဲနိုင်** နှင့် တရားခံပြေး **အသေးလေး** တို့က နှစ်ကြိမ် သွားရောက်၍ အခြေအနေကြည့်ရှုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၁၂ ရက် ညနေပိုင်းတွင် တရားခံပြေး **ဇင်ယော်(ခ)ငှက်ဖြူ(ခ)နေလင်း**၏ စေခိုင်းမှုဖြင့် **သက်နိုင်၊ ရဲနိုင်** နှင့် တရားခံပြေး **အသေးလေး** တို့ သုံးဦးသည် လက်ပစ်ဗုံး နှစ်လုံးအား ယူဆောင်၍ ဆိုင်ကယ် နှစ်စီးဖြင့် လယ်ဝေးမြို့မ ရဲစခန်းသို့ ပစ်ခတ်ဖောက်ခွဲရန် သွားရောက်ခဲ့ပြီး တရားခံပြေး **အသေးလေး**မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေအားစောင့်ကြည့်၍ **သက်နိုင်** နှင့် **ရဲနိုင်**တို့ နှစ်ဦးက လယ်ဝေးမြို့မရဲစခန်းအား လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ယင်းနေ့ညပိုင်းတွင် **သက်နိုင်၊ ရဲနိုင်**နှင့် တရားခံပြေး **အသေးလေး**တို့ သုံးဦးသည် ဆိုင်ကယ် နှစ်စီးဖြင့် MICC–II သို့ သွားရောက်ခဲ့ပြီး **ရဲနိုင်** က အခြေအနေ ကြည့်ရှုပေးကာ တရားခံပြေး **အသေးလေး**နှင့် **သက်နိုင်** တို့ နှစ်ဦးမှ MICC–II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက် ထွက်ပြေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါ အကြမ်းဖက် ဖောက်ခွဲမှုများအတွက် တရားခံပြေး **ဇင်ယော်(ခ) ငှက်ဖြူ(ခ)နေလင်းက** တစ်ဦးလျှင် ငွေကျပ် သုံးသိန်း ထောက်ပံ့ပေးခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး ပိုက်စိပ်တိုက် စစ်ဆေးရှာဖွေဖမ်းဆီးမှုများ လုပ်ဆောင်နေမှုကြောင့် မနေရဲတော့ဘဲ ကယားပြည်နယ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ရန် လုပ်ဆောင်နေစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

ဒီလိုမျိုး ကန်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ပရိသတ်တွေအတွက်လည်း အနုပညာရှင်တွေ အများကြီးကို တွေ့ရတယ်ဆိုတော့ သူတို့လည်း ပျော်ရွှင်မှာပါ။ ကျွန်တော်တို့က ချန်ပီယံဆိုတာထက် ဒါက ရန်ပုံငွေပွဲအတွက် ကန်တာဖြစ်တဲ့အတွက် အကုန်လုံးက ညီအစ်ကိုတွေပဲ ဖြစ်ပါတယ်။ ပျော်စရာကြီးပါ။ ကျွန်တော်တို့ မိုခါမုန်တိုင်း ရန်ပုံငွေပွဲမှာ အနုပညာ ညီအစ်ကိုတွေ ပါဝင်ယှဉ်ပြိုင်ကြတာကိုပရိသတ်တွေလာရောက်အားပေးကြပါ။ ပရိသတ်တွေ ဒီပွဲကို လာကြည့်ရှုမယ်ဆိုရင် တစ်ထောင့်တစ်နေရာကနေ ကူညီခွင့်ရမှာပါ။ ပရိသတ်တွေ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆိုတေး(အဆိုတော်)**

မိုခါရန်ပုံငွေပွဲအတွက် ဂီတဘောလုံးအသင်းမှာ ပါဝင်ကစားတာဖြစ်ပါတယ်။ ကျွန်တော်ဒီရန်ပုံငွေပွဲမှာ ပါဝင်ကစားဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ စာဖတ်ပရိသတ်ရော၊ ဒီရန်ပုံငွေပွဲကို လာကြည့်ကြတဲ့သူတွေရော၊ တီဗွီဖန်သားပြင်က နေကြည့်ရှုနေကြတဲ့ ဘောလုံးချစ်ပြည်သူတွေရော အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဂီတဘောလုံးအသင်းက ညီအစ်ကိုတွေအားလုံး မိုခါရန်ပုံငွေ ဘောလုံးပွဲမှာ ပျော်ပျော်ရွှင်ရွှင် ပါဝင်ကစားကြတာဖြစ်ပါတယ်။

**အာကာစိုး**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(ဗိုလ်တထောင်မြို့နယ်)တွင် ၂ ဒသမ ၄၈ လက်မ၊ ဇန်းမော်မြို့တွင် ၂ ဒသမ ၄၁ လက်မ၊ မော်လမြိုင်မြို့နှင့် ရေးမြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ဘီးလင်းမြို့နှင့် လောင်းလုံးမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ နှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၄၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်တွင်းသာမက နိုင်ငံခြားဈေးကွက်ရှိသော မတ်ပဲသီးနှံကို တောင်သူများ ပိုမိုစိုက်ပျိုးလာ

ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရာတွင် မတ်ပဲသည် မြန်မာနိုင်ငံအတွက် အရေးပါသော ပဲတစ်မျိုး ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မတ်ပဲသီးနှံစိုက်ပျိုးမှုများပြားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မတ်ပဲစိုက်ပျိုးရန် လျာထားဧကအနေဖြင့် မိုး ၉၃၂၆ ဧက၊ ဆောင်း ၁၆၃၂၅၄ ဧက စုစုပေါင်းဧက ၁၇၂၅၈၀ ရှိပြီး စိုက်ဧကအနေဖြင့် မိုး ၈၉၇၈ ဧက၊ ဆောင်း ၁၆၄၃၆၉ ဧက စုစုပေါင်း ၁၇၃၃၄၇ ဧက စိုက်ပျိုးနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခင်နှစ်ကာလတူအချိန်က မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၄၀၀၀ ရှိခဲ့ရာ ယခုနှစ်တွင် မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးရှိကြောင်း၊ မတ်ပဲတစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် ကျပ် ၃၈၁၅၀၀ ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၁၆ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းဈေးနှုန်းလျှင် ကျပ် ၈၀၀၀၀ ဈေးနှုန်းရရှိပြီး တစ်ဧကဝင်ငွေအနေဖြင့် ကျပ် ၁၂၈၀၀၀၀ ရရှိသဖြင့် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ကိုးသိန်းခန့်ရရှိ၍ တောင်သူများအတွက် တွက်ခြေကိုက်သည့် သီးနှံတစ်မျိုး ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မတ်ပဲကို ခွဲခြမ်းပြုလုပ်၍ မတ်ပဲဘယာကြော်၊ အပင်ပေါက်ဖောက်၍ မတ်ပဲပင်ပေါက်၊ ယင်းအပင်ပေါက်ကို အချဉ်တည်၍ ပဲပင်ချဉ်အဖြစ် အမျိုးမျိုးပြုလုပ်ရောင်းချနေရခြင်းကြောင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ရှိသော သီးနှံဖြစ်သည့်အတွက် ကာလမရွေး ဈေးကွက်ဝယ်လိုအားရှိနေပြီး ဈေးကောင်းရနေသော မတ်ပဲသီးနှံကို ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

DOCA(စစ်ကိုင်း)

## မိန်းကလေးတစ်ဦးကို တရုတ်မယားအဖြစ်ရောင်းစားပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၆**

မိန်းကလေးတစ်ဦးကို တရုတ်မယားအဖြစ်ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နေ ငြိမ်းချမ်း၊ ၎င်း၏အစ်မဖြစ်သူ မဥမ္မာ(ခ) သီတာနှင့် သန်လျင်မြို့နယ်နေ မစံပယ်(ခ) မိုးလေး(ခ) မိုးမိုးဟန်တို့က ရွှေပြည်သာမြို့နယ်နေ မ---၊ ၁၈/၂၀၂၀ နှစ် အား တရုတ်နိုင်ငံတွင် တရုတ်မယားလုပ်လျှင် ငွေကျပ် ၂၅ သိန်းရမည်၊ (၂/၃) လခန့် ပေါင်းသင်းပြီး ပြန်ခေါ်ပေးမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်မယားအဖြစ် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်း(ပ) ၁၃၉၀/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ တောင်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၁၅ ရက်တွင် တရားခံ ငြိမ်းချမ်း အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်၊ မဥမ္မာ (ခ) သီတာနှင့် စံပယ်(ခ) မိုးလေး(ခ) မိုးမိုးဟန်တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးများကို အနှိပ်ခန်းနှင့် ပြည့်တန်ဆာခန်းများတွင် ရောင်းစားရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၆**

အမျိုးသမီးများကို အနှိပ်ခန်းနှင့် ပြည့်တန်ဆာခန်းများတွင် ရောင်းစားရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နေ မအေးအေးမွန်(ခ) အေးအေးမူ က ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ်နေ မ ---၊ ၂၂ နှစ်နှင့် မ ---၊ ၂၅ နှစ်တို့အား တစ်လလျှင် ငွေကျပ် ၁၀ သိန်းနှင့် အထက်ရရှိမည့် အနှိပ်ခန်းအသန့်အလုပ်ရှိကြောင်း ပြောဆိုစည်းရုံး၍ မိုင်းပေါက်မြို့များရှိ အနှိပ်ခန်းနှင့် ပြည့်တန်ဆာခန်းများတွင် ရောင်းစားရန် စီစဉ်ခဲ့သဖြင့် လောက်ကိုင်မြို့မရဲစခန်း(ပ) ၆/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၁၅ ရက်တွင် တရားခံ မအေးအေးမွန်(ခ) အေးအေးမူ အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## “နှစ်ခါလည်သက် သမကျေးလက်”

❖ သမမျှတ ညီညွတ်ကြသော်
ရယူဝေသုံး ပြိုင်တူရုန်း၍
ပြုံးပန်းတွေဆောင် မြန်လှူဘောင်သည်
အောင်မည်မနွေး ခဏလေး။

❖ ဝါယမထူ လုံ့လကူသော်
ပူပင်မှုနည်း သောကစဲ၍
မြဲသောအကျိုး နေ့စဉ်တိုးပြီး
စိုးမိုးပိုင်ဆိုင် ဘဝခိုင်၏။

❖ ကျေးလက်ခြေခံ မြန်ပြည်ယံကား
စီမံတိုးတက် ခရီးဆက်ဖို့
ဘက်စုံစိုက်မွေး လုံ့လထွေးကာ
သွေးရောင်စုံခြယ် မြို့ကြီးနှယ်။

❖ တောင်သူလိုသေး ငွေကြေးရေးကို
ဖေးမထောက်ပံ့ ပြည်လုံးနှံ့ကြောင့်
သန့်ပြန့်တည်ကြည် ရပ်နိုင်ပြီဟု
ရယ်မောကာပြော တသောသော။

❖ နှစ်ခါလည်သား နုနုထွားလို
အားရပြေးဆော့ စကားမော့သို့
သော့သော့လျှင်လျှင် ခရီးနှင်သည့်
သင် “သမကျေးလက်” ဌာနသက်သည်
ဆက်တည်ဆတိုး ပြည့်အကျိုးကို
ဖြိုးမောက်လျှံဝေ ထမ်းနိုင်စေ ။ ။

ညိုဝင်း (ချစ်မြေ)

“သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန” ၏ နှစ်နှစ်မြောက်မွေးနေ့ (၁၇.၆.၂၀၂၃) အတွက် ဂုဏ်ပြုရေးဖွဲ့အပ်ပါသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၆ - ၂၀၂၃

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၉၁၀ ကျပ် | ၁၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၅ ကျပ် | ၂၁၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်

**နေပြည်တော် ဇွန် ၁၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၆၈ | ၅၃၉၀၀၀ |
| MTSH | ၂၉၅၀ | ၂၉၀၀ | ၂၈ | ၈၁၃၀၀ |
| MCB | ၇၃၀၀ | ၇၂၀၀ | ၁၂ | ၈၆၆၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၇၁၀ | ၂၅၆၅၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၉ | ၇၂၅၀၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁၃ | ၃၂၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာနံ့စေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့စေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် နိဿယ ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(အိမ်တော်ကြီး)(၂၈၀×၂၇၂)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၅၉၇ သိန်း | ၄၀၄၀၃ သိန်း |
| ၃။ | သုံးမျှာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၁.၀၀ | ၆ | ၆ | - |
| ၄။ | ဝေါ်ပတ်ရုံ(၃၈× ၂၄× ၂၉)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | ဆော်ဘွန်ဆိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အလင်းနှင့်ဗွိ(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | စမ္မလှေကားလှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၇၄၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄.၇၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၅.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းဆီးမီးထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာ့ရှုကွက်လက်ရာပြတိုက်နံရံ ၂၇ ပေခန်း | ၃၁.၀၀ | ၄၇၇ ခန်း | ၉၇ ခန်း | ၃၈၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ တောင်တိုင်(ကျောက်မြန်မာ့ပုံ) | ၇၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်ကျောက်ကနုတ်ပန်း (ကျောက်မြန်မာ့ပုံ) | ၇.၀၀ | ၆၅၂ ခု | ၀၅၅ ခု | ၅၉၇ ခု |
| ၁၆။ | ကျောင်းကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၇၇၈.၇၅ ကျင်း | - | ၇၇၇၈.၇၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်းအိမ်(အင်္ဂတေမြန်မာ့ပုံ) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် + လက်မထုခင်းခြင်း | ၆.၅၀ | ၈၄၃၃ ကျင်း | - | ၈၄၃၃ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂၂၇၃၁.၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အလင်းမီးပြတည်ဆောက်ခြင်း | ၂၆၀၈.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်းအပြင်ကျောက်ပြားခင်းခြင်းနှင့်ကနုတ်ပန်းလေးများမြှုပ်ထုပ်ခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၇၁၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၇၁၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်နံရံ(၆၄၈၂ စပေ) | ၁၅၉၄.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်နံရံ(၅၇၇၂ စပေ) | ၁၂၇၈.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောင်းကျောက်ပြားခင်းခြင်း(၃၁၁၃.၆၅ ကျင်း) | ၈.၅၀ | ၃၁၁၃.၆၅ | - | ၃၁၁၃.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၇.၂၀ | ၅၇ | - | ၅၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၅၀.၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရှောင်းမြောင်းမြို့ထိန်းနံရံ(၁၂ ပေ × ၁၅ ပေ) | ၂၀၉.၀၀ | ၁၇၉ ခု | - | ၁၇၉ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် နိဿယ ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် နိဿယ ၂ မျက်နှာစီပါ)(Bible Paper) လှူဒါန်းနိုင်ရေး(၅၃ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၂၈.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ဝ၉-၆၅ဝ၁၉၉၉၉၆၊ ဝ၃၆-၃၁ဝဝ၅

(ခ) ဒေါ်အေးအေးကြည် ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၁၆




## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အထက(၂) ဇေယျဝတီ G-11မှ မအေးချမ်းခင်၏ ဖခင်အမည်မှန်မှာ ဦးဟာရီဘာဂျန် ၇/ဖမန(နိုင်)၀၉၄၆၁၄ ဖြစ်ပါကြောင်း။

**ဦးဟာရီဘာဂျန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊အထက(၃)မှ ဝန်ထမ်းများဖြစ်သော ဒေါ်နီနီဝင်း ၁၂/ပဘတ(နိုင်)၀၃၄၁၄၂နှင့် ဦးသိန်းဝင်းထွန်း ၁၂/ပဘတ(နိုင်)၀၄၀၉၇၂ တို့၏ဖခင် ဦးမောင်တေ(ခ)ဦးတေမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် 7F/3401 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (အနောက်ပိုင်းရုံး) မြင်သာ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်ရှိ၊ ဒေါ်ချိန်းအို(ဘ)ဦးကျန်ရွှမ်းဟုတ် ၁၃/ကလတ(နိုင်)၀၂၂၉၅၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် ၁၁၃၇၊ ၁၁၃၈၊ ဧရိယာ ၀ဒသမ ၁၆၄ ဧကအနက် မြေကွက်အမှတ် ၁၁၃၇ အား မြေကွက်တစ်ကွက်စီဖြင့် မြေငှားစာချုပ် ခွဲစိတ်ခွင့်ပြုပါရန် အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် ခွဲစိတ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကွင်းအမှတ် ၂၃၇၊ ကုန်းဖောက်ကွင်း၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် ၁၂၈၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ [ခရိုင်မြေမှုအမှတ် ၂၁၂/၁၉၉၈-၁၉၉၉ အရ(၁၄-၈-၁၉၉၈)မှ(၁၃-၈-၂၀၂၈)အထိ နှစ် (၃၀)မြို့မြေငှားဂရန်] မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးထွန်းငွေ -ဒေါ်အေးကြည်တို့ အမည်ပေါက် ပိုင်ဆိုင်နေပြီး ၎င်းတို့ကွယ်လွန်ပြီးနောက် ၎င်းတို့၏ဆက်ခံခွင့်ရှိသူ (၁)ဦးကြံသာ၊(၂)ဒေါ်မြင့်မြင့်ထွေးနှင့် (၃)ဦးအောင်မြင့်(ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူများ)ထံမှ ဦးခင်မောင်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ နေအိမ်/မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက် လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း ကိုယ်တိုင် ကိုယ်ကျလာရောက်၍ ကျွန်ုပ်ထံဖြစ်စေ၊ဦးခင်မောင်ဦးထံဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ** | **ဝယ်ယူမည့်သူ** |
| **ဦးသိန်းဇော်** | **ဦးခင်မောင်ဦး** |
| **တိုင်းတရားရုံးလိုင်စင်အမှတ်-၂/၉၉** | **၆/မမန(နိုင်)၁၇၃၉၇၆** |
| **အိမ်ခြံမြေစာချုပ်စာတမ်းအကျိုးဆောင်** | **တောရကျောင်းရပ်** |
| **အမှတ် ၆၄၀၊ စကားဝါလမ်း** | **ကလွင်နယ်မြေ၊ မြိတ်မြို့** |
| **မြိတ်မြို့၊ ဖုန်း-၀၉-၄၅၀၉၉၁၁၄၁** | **ဖုန်း-၀၉-၇၈၀၇၅၉၃၈၉** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ်လမ်းကျယ်ရှိ ဦးသန်းဇော် (TKA-၀၈၆၅၄၅)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အမှတ် ၁၀၄၈/ခပေါ်တွင် ဆောက်လုပ်နေသည့် (၁)ခန်းတွဲ (၆)ထပ် (RC) တိုက်၏ ပထမထပ် ဟုခေါ်တွင်သော အလျား (၁၈ပေ) Xအနံ (၅၅)ပေXအမြင့် (၉)ပေ အကျယ်အဝန်းရှိ ရေမီးစုံပါဝင်မည့် ဆောက်လုပ်ဆဲ တိုက်ခန်း (၁)ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ပေးမည့် ရေ၊ လျှပ်စစ်မီး အပါအဝင် ဥပစာ၏ ဆက်စပ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာ ဆက်စပ်စာချုပ်များအရ တရားဝင်ပိုင်ဆိုင်၍ လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ဇင်မာဦး ၁၂/သဃက(နိုင်)၂၀၃၆၃၈ ၊TGKN-၀၆၉၀၆၆(ဘ)မာမက်အီစမိုင်က ၎င်း၏အမှုကိစ္စများကို ဖြေရှင်းနိုင်ရန်အတွက် ကျွန်ုပ်၏ အမှုသည်များဖြစ်ကြသည့် ဒေါ်မေချစ် ၁၂/ဗဟန(နိုင်)၀၀၇၂၂၇ နှင့် ဒေါ်ဝင်းလှ ၁၀/မလမ(နိုင်)၀၁၈၉၁၃ တို့ထံသို့ တရားဝင် အပြီးအပိုင် လွှဲပြောင်းပေးအပ်ရန် သဘောတူထားပြီးဖြစ်ပါသည်။ ယခုလွှဲပြောင်းပေးအပ်ခြင်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက လွှဲပြောင်းပေးအပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင်သန့်(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၂၁၈)**
**တိုက် ၈၈၊ အခန်း ၂၀၁၊ ရတနာပုံ(၁)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉- ၄၄၈၀၀၇၇၃၇၊ ၀၉-၇၉၅၃၅၃၄၇၅**

## (၂၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်နေ
ဖေဖေ ဦးလှဝေ-မေမေ ဒေါ်နုနုလွင်
(သက်ထားရွှေနု-ပိုးထည်၊ ချည်ထည်နှင့် အထည်မျိုးစုံ)
ရောင်းဝယ်ရေးလုပ်ငန်းတို့၏ ၂၀၂၃ခုနှစ် ဇွန်လ ၁၇ရက်တွင်
ကျရောက်သော (၂၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည်
ခိုင်မြဲသော ချစ်ခြင်းမေတ္တာ ကရုဏာတို့ဖြင့် ရွှေရတု
စိန်ရတုတိုင်အောင် ဖြတ်သန်းနိုင်ပါစေကြောင်း
ဆုတောင်းလိုက်ရပါသည်။

**သားကြီး - ကိုအံ့ပီတိမောင် (5th year Mechanical power)**
**သားငယ် - ကိုမြတ်နိုးပီတိမောင် (AGTI-Civil)-မစုစုလှိုင် B.Ed**
**(အထက-စကားလွှန်း)နှင့် သမီးငယ်-မအိရှင်းကျော့ပီတိမောင်**
**(G-12 ပညာ့ပန်းတိုင်) ကိုယ်ပိုင်အထက်တန်းကျောင်း၊**
**နေပြည်တော်**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ အညာပိုင်း၊ ဖအောင်ဝဲလမ်းရှိ အမှတ် (၁၄၇)ဟုခေါ် တွင်သောနေရာ၌ ဦးအောင်ကိုကို(ဘ)ဦးသိန်းဟန် ၇/ဒဥန(နိုင်)၀၂၄၉၂၀မှ သောက်ရေသန့် ထုတ်လုပ်ဖြန့်ချိခြင်းလုပ်ငန်း "1 (ONE)" (SMM) အမှတ်တံဆိပ်ဖြင့် ပြုလုပ်ရောင်းချမည်ဖြစ်ပါသည်။



ထိုသို့ဖြန့်ဖြူးရောင်းချမည့် ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အမည်တူ ဆင်တူယိုးမှားရှိမည်ဆိုပါက သတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ၎င်းအမှတ်တံဆိပ်အား မှတ်ပုံတင်ဌာနတွင် ဦးအောင်ကိုကို(ဘ)ဦးသိန်းဟန် ၇/ဒဥန(နိုင်)၀၂၄၉၂၀မှ မှတ်ပုံတင်သွင်းသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကိုကို(ဘ)ဦးသိန်းဟန် ဖုန်း-၀၉-၅၀၇၂၂၁၂**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/မြို့မရပ်)၊ မြေကွက်အမှတ်(ပ- ၂၀၇၁၇)၊ အကျယ်အဝန်းပေ (၈၀x၆၀)၊ ဧရိယာ ၀.၁၁၀ဧက၊ နှစ် ၃၀ ဂရန်ဟု ခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား နှစ် ၃၀ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးစောညီညီ(ဘ)ဦးဆန်းနီဘိုး ၁၂/ကကက(နိုင်)၀၀၁၀၃၅ထံမှ ဒေါ်မေဇော်ထူး(ဘ)ဦးမောင်မောင်ဝင်း ၉/ကဆန(နိုင်)၁၀၄၁၁၄ တရားဝင်လက်ရောက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေဇော်ထူး (ဘ)ဦးမောင်မောင်ဝင်း ၉/ကဆန(နိုင်)၁၀၄၁၁၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ၁၄-၇-၂၀၂၃ ရက်တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဆုဆုလှိုင် (LL.B) အထက်တန်းရှေ့နေ (စဥ်-၅၃၈၉၅) (၂၀-၁၁-၂၀၂၀)**
**အမှတ် (ပ-၃၀၈၁၈)၊ ဇဝနဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၄၄၀၃၇၃၄၉**




## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်၊ အထူးဇုန် (၃)၊ အကွက်အမှတ် (၁၇)၊ C-12 လမ်းတွင် နေထိုင်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေသူ ကျွန်ုပ်၏မိတ်ဆွေ ဦးအိုက်လျှံ ၁၂/မရက(နိုင်)၁၂၂၀၀၅၏ လွှဲအပ်ချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအိုက်လျှံနှင့်ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်စိမ်း(ခ)ယုန်စန်တို့၏ အမည်များဖြင့် ဝယ်ယူ၍ လုပ်ငန်းများလုပ်ကိုင်လျက်ရှိသော ညောင်နှစ်ပင်အထူးဇုန် (၃)တွင် C-12 လမ်းနှင့် C-11 လမ်းတို့အကြားရှိ မြေကွက်များအပါအဝင်၊ ယင်းအကွက်များနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိသော မြေကွက်များပေါ်တွင် ၂၀၀၈ ခုနှစ်မှစ၍ ယနေ့ထိ (၁၅)နှစ်တိုင်အောင် စိုက်ပျိုးရေးနှင့် ကြက်၊ ငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြောင်း စာရွက်စာတမ်းအထောက်အထားများအရ သိရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအိုက်လျှံက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော မြေကွက်များထဲမှ အကျယ်အဝန်း (၄၇.၇၅)ဧကနှင့်ပတ်သက်၍ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာအသစ် ထုတ်ယူမည်ဖြစ်၍ ယင်းမြေကွက်များနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အဆိုရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တစ်ပတ်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးခင်မောင်ညွန့်** | **ဒေါ်ယဉ်ပိုထွန်း** | **ဒေါ်အိအိခိုင်** |
| **B.Sc (Chem); H.G.P; R.L** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေနှင့်** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဥပဒေအတိုင်ပင်ခံ** | **(စဥ်-၅၃၅၁၄/၃၁-၈-၂၀၂၀)** | **(စဥ်-၅၄၇၅၈/၂၆-၁-၂၀၂၂)** |
| **(စဥ်-၆၅၇၂/၂၀-၇-၁၉၉၈)** | | |

**ရုံးခန်း-၆၆၊ ဝဏ္ဏကျော်စွာလမ်းမ၊ (၁၄/၅) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၈၁၉၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/64533 ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်မြတ်သူ ၇/တငန(နိုင်)၂၀၇၁၅၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/2936,KIA BONGO III ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်မြင့် ၈/မဘန(နိုင်)၁၀၀၅၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## မွေးစားသားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဆိပ်သာကျေးရွာနေ ဦးတင်မောင်ချို ၁၄/ကခန(နိုင်)၀၆၀၅၆၅ နှင့် ဒေါ်ခင်အုံးမြင့် ၁၄/ကခန(နိုင်)၀၆၀၅၇၃ တို့သည် မောင်ဖွဲ့နိုင်ထွန်း ၁၄/ကခန(နိုင်)၁၂၆၆၀၄ အား (၆)လသား အရွယ်ခန့်မှ အမွေစားအမွေခံမွေးစားလာခဲ့ပါသည်။ ယခုအခါ ၎င်းသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ သည်းခံခွင့်မလွှတ်နိုင်သော ပြုလုပ်မှုများကျူးလွန်ခဲ့ပြီး မိဘများ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်အောင် ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ ၎င်းအားမွေးစားသားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စရပ်များကို မိဘများမှ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးတင်မောင်ချို-ဒေါ်ခင်အုံးမြင့်**

## ပျောက်ဆုံးကြောင်း

ရဲဝင့်သူ(ဘ)ဦးစံမြင့် ၈/မကန(နိုင်)၁၇၃၂၆၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်စဉ် (MG 109356) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၆၀၃၀၃**

## အမည်ပြောင်း

ဦးရွှေသိန်း ၁၁/ကဖန(နိုင်)၀၉၅၄၈၂၏သမီး တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ အမက (မူလွန်) ကျောင်း Grade(2) Class-A မှ မမိုးမြင့်စံအား ယနေ့မှစ၍ မယွန်းရွှေဘုံဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းရွှေဘုံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/49560, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးလွင် ၁၄/ပသန(နိုင်)၂၅၂၀၂၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/8443, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်း ၉/သစန(နိုင်)၁၁၆၉၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/8608, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၄/ကလန(နိုင်)၀၇၇၈၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/73836 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုမာ ၉/ကဆန(နိုင်)၁၂၀၁၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4155 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ၊ သပိတ်ကျင်းခရိုင် လေလံတင်ရောင်းချရေးကော်မတီ၊ လေလံအမှတ်စဉ် ( ၁ /၂၀၂၃) ဖမ်းဆီးရမိသည့် ပုံစံ(၈)ဝင်သစ်တောထွက်ပစ္စည်း၊ မီးသွေး၊ ထင်း၊ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ စက်လှေ/လှော်တယ် လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ ပြင်ဦးလွင်ခရိုင်၊သစ်တောဦးစီးဌာနမှ သပိတ်ကျင်းမြို့နယ်ရှိဖမ်းဆီးရမိသည့် ပုံစံ(၈)ဝင် (၄၅)ပေါင်ဝင် မီးသွေးအိတ် (၁၄၃၇)လုံး (၂၃၄.၇၅၄) တန်၊ ထင်း(၅.၂၈၀)တန်၊ ဝါး(၁၀၀၀)လုံး၊ သစ်မာ/ အခြားမျော(၃၆၂)လုံး (၃.၇၆၁၂)တန်၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ (၁၂၉)ခု စက်လှေ/ လှော်တယ်(၁၂)စီးတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်

(က) နေ့ရက် - ၂၇ - ၆ - ၂၀၂၃ ရက် ( အင်္ဂါနေ့)
(ခ) အချိန် - နံနက် ၁၀:၀၀ နာရီ
(ဂ)နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်

၂။ သစ်တောဦးစီးဌာနမှ တရားဝင်မှတ်ပုံတင် လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်း စက်မှု လက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/ကြီး၊ အချောထည်စက်/လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင် လုပ်ငန်းရှင်များနှင့် ပရိဘောဂလုပ်ငန်းရှင်များသည် လိုင်စင်မိတ္တူနှင့်အတူ ဈေးပြိုင်လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံအား (၅၀၀၀ိ/-) နှုန်းဖြင့် သပိတ်ကျင်းမြို့နယ်၊ သစ်တောဦးစီးဌာန၌ဝယ်ယူ၍ ၂၆-၆-၂၀၂၃ရက်နေ့ နောက်ဆုံး လျှောက်ထား နိုင်ပါသည်။ လေလံတင်ရောင်းချမည့် ဖမ်းဆီးရမိ ပုံစံ(၈)ဝင် သစ်တောထွက်ပစ္စည်းများ၊ မီးသွေး၊ ထင်း၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ စက်လှေ/ လှော်တယ်များအား ကန့်သတ်ထားသော ဧရိယာမှအပ တိုင်းဒေသကြီး/ ပြည်နယ်ကျော်၍ သယ်ယူခွင့်ပြုသည်။

၃။ ရောင်းချမည့်လပ်ပုံများကို ၂၀-၆-၂၀၂၃ ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ(၂)ရက်အလို ရုံးချိန်အတွင်း ပူးတွဲဖော်ပြပါနေရာများတွင် ဝယ်ယူမည့်သူ ကိုယ်တိုင်သွားရောက်ကြည့်ရှုနိုင်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်-

(က) ညွှန်ကြားရေးမှူးရုံး၊သစ်တောဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ ဖုန်း-၀၉-၂၀၃၉၈၂၆
(ခ) လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊ ဖုန်း-၀၉-၅၁၈၈၁၄၆
(ဂ) ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ သပိတ်ကျင်းမြို့နယ်၊ ဖုန်း-၀၉-၄၀၁၅၉၅၉၈၈၊ ၀၉-၄၅၅၅၁၄၆၉၄

**လေလံတင်ရောင်းချရေးကော်မတီ၊ သပိတ်ကျင်းခရိုင်**

## အမည်မှန်

ရေကြည်မြို့နယ်၊ မူလွန်-ကျွန်းတောကျောင်းGrade-2မှ ဦးကျော်ကိုကို၏သား မောင်ထက်ဘုန်းရှိန်၏ အမည်မှန်မှာမောင်ခန့်ညားကို ဖြစ်ပါကြောင်း။

**မောင်ခန့်ညားကို**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အလက ကျုံတာကျောင်းမှ Grade-9တက်ရောက် နေသော မစန္ဒီကျော်၏ ဖခင်အမည်မှန်မှာ ဦးညိုဆန်း ဖြစ်ပါကြောင်း။

**ဦးညိုဆန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၄၉၅၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၂၃၇၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးစော်စော် ၁၀/ကမရ(နိုင်)၁၀၉၃၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/2950 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းဆန်း ၃/ကဆက(နိုင်)၀၄၉၂၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5325 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကိုကိုဇော် ၁၂/တကန(နိုင်)၁၄၂၃၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃) မှော်ဘီခရိုင် တရားရုံးတော် ၂၀၂၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅

ပျံလွန်တော်မူခဲ့သော ဘဒ္ဒန္တက္ကန္ဒာဝုဓ၏ ကျန်ရစ်သော ဘဏ်စာရင်းနှင့် စပ်လျဉ်းသည့်အမှု

ဘဒ္ဒန္တ ဥတ္တမ — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်၊ သီတာအေးကျေးရွာ၊ မိုးကုတ် ဝိပဿနာ၊ ဓမ္မပါလ ကျောင်းတိုက်၏ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဥတ္တမ ယခုလက်ရှိ ကျောင်းတိုင်ဆရာတော် ဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ သီတာအေးကျေးရွာနေ ပျံလွန်တော်မူခဲ့သော ဘဒ္ဒန္တက္ကန္ဒာဝုဓတွင် မြန်မာ့စီးပွားရေးဘဏ်၊ ထန်းတပင်ဘဏ်ခွဲ၊ ဘဏ်စာရင်းအမှတ် SD10တွင် ကျန်ရစ်ခဲ့သော ဘဏ်စာရင်းနှင့် စပ်လျဉ်း၍ ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားသည်ဖြစ်၍ ပျံလွန်တော်မူခဲ့သော ဘဒ္ဒန္တက္ကန္ဒာဝုဓတွင် ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ ဟူသမျှ တို့သည် ဤရုံးသို့ ၂၀၂၃နှစ် ဇွန် ၂၈ရက်(၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဘဒ္ဒန္တ ဥတ္တမ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် ဇွန်လ ၁၅ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်တိုး)**
**ခရိုင်တရားသူကြီး**
**မှော်ဘီခရိုင်တရားရုံး**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ရေနံခာတုဗေဒ စက်ရုံစုဝန်ထမ်းအိမ်ရာနေ ဦးမျိုးသူထွန်း၏သမီး အထက(ခွဲ) မန်းသံပုရာကန် Grade-3 မှ မသွန်းကာရံအိမ်အား မသံသာရတီ ဟုပြောင်းလဲခေါ်ပါရန်။ **မသံသာရတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ဇမ္ဗူသီရိမြို့၊ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊မြေကွက်အမှတ် ၁၇၈၀၊ ဧရိယာ ၀ဒသမ ၀၅၂ ဧကရှိ ဦးဝင်းသန်းအမည်ပေါက် ပါမစ်မြေကွက်အား ဦးဖြိုးမြင့်ခိုင်(ဘ)ဦးတင်မောင်စန်း ၁၂/ဥကတ(နိုင်)၁၅၇၇၀၅ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက် အမှတ်(၁၈၂၀)၊ ဧရိယာ ၀.၀၅၅ဧကရှိ ဦးအောင်လွင် အမည်ပေါက် မြေကွက်အား ဦးမင်းဇော်ထွေး ၁၂/စခန(နိုင်)၀၅၅၇၀၇မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက် နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ-၂၁၁၈၈)ဟုခေါ်တွင် သော အကျယ် အဝန်းပေ (၈၀x၆၀)၊ ဧရိယာ ၀.၁၁၀ ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သည့် မြေငှားဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မှူး(ခ)ဦးဉာဏ်မြင့် ၁၂/မရက(နိုင်)၀၀၂၃၉၃ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နန်းသဇင်ခမ်းအောင်(LL.B,D.I.P.L)** — **ဦးကျော်မင်းဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၉၃)** — **အထက်တန်းရှေ့နေ(စဉ်-၅၂၃၇၂)**
**အမှတ်(ပ-၁၉၄)၊အင်ကြင်းလမ်း၊သပြေကုန်းရပ်ကွက်၊ဇမ္ဗူသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း-၀၉ ၂၅၆၉၆၉၆၈၄**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်တော် စောနေထူး ၁၄/ကကထ(နိုင်)၁၃၅၁၂၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၅၂၀၁၂၄၀

## အမည်မှန်

